မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ ၂၀၀၅ ခုနှစ်၊ မတ် ၂၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၇၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အမှူးပြုသော တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် မတ် ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်သူလူထုအတွင်းက ပေါက်ဖွားလာတဲ့တပ်မတော်

ပြည်သူလူထုရဲ့ဘဝ မြင့်မားလာဖို့ ပြည်သူ့အကျိုးစီးပွားကို ထမ်းဆောင်တယ်ဆိုတဲ့ နေရာမှာ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းတွေ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေပါ အကျုံးဝင်တယ်။ ဒါတွေဟာ မျိုးချစ်တပ်မတော်ရဲ့ အနှစ်သာရတာဝန်လို့ပဲ ဆိုရမယ်။ ဒါကြောင့် တပ်မတော်ဟာ ပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုနေရမယ်။ ပြည်သူလူထုတစ်ရပ်လုံးကို အလုပ်အကျွေးပြုနေရမယ်။ ပြည်သူလူထုအတွင်းက ပေါက်ဖွားလာတဲ့ ငါတို့တပ်မတော်ဟာ ပြည်သူလူထုအတွက်ပဲ ဖြစ်ရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ
နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့မိန့်ခွန်းမှ—

မြန်မာ့အလင်း
နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

❒ အကယ်၍သာ ထိုစဉ်က အာဏာရပါတီ အကွဲအပြဲပြဿနာများ၏ နောက်ဆက်တွဲဖြစ်သည့် နိုင်ငံပြိုကွဲမည့်အန္တရာယ်ကို တပ်မတော်က အချိန်မီ မကယ်တင်နိုင်ခဲ့ပါလျှင် လွတ်လပ်ပြီးစ မြန်မာနိုင်ငံသည် ချောက်ကမ်းပါးထဲသို့ ပြန်လည်ကျရောက်သွားမည်ဖြစ်သည်။

မြင့်သူရိန်၏ ဆောင်းပါး (စာ-ဂ၊ ၉)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မတ်လ ၂၄ ရက်)

တပေါင်းလပြည့် နေ့ထူးနေ့မြတ် ချိန်ခါသမယ ကုသိုလ်ကောင်းမှုပြု၍ ကောင်းကျိုးချမ်းသာအဖြာဖြာခံစား

၁၃၆၆ ခုနှစ် တပေါင်းလပြည့်(ယနေ့)သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ နေ့ထူး နေ့မြတ် ဖြစ်သည်။

တပေါင်းလသည် ပူပြင်းသော ရာသီကာလဖြစ်သည်။ မြောက်ပြန်လေကြွင်းနှင့် ဆီးနှင်းတို့ မကုန် တတ်သေးဘဲ မင်းလွင်မြူခိုးတို့ ရစ်သိုင်းနေသည့် နွေဦးအစအချိန်အခါ တပေါင်းလသည် သာယာကြည်နူး ဖွယ်ကောင်းသည့် အခါသမယ ဖြစ်သည်။

ဤလတွင် အင်ကြင်းပန်း၊ သရဖီပန်းနှင့် လက်ပံပွင့်များ ပွင့်ကြသည်။ ငါးရုပ်နှစ်ရုပ်ဖြင့် ဖော်ညွှန်းသော မိန်ရာသီဖြစ်သည်။

တပေါင်းလ၏ ရာသီပွဲတော်သည် သဲပုံစေတီပွဲဖြစ်သည်။ ရှေးအခါက သဲသောင်ပြင်များတွင် သဲများကိုစုပုံ၍ စေတီအသွင်ပြုကာ သဗ္ဗညုတမြတ်စွာဘုရားအား ရည်မှန်းကော်ရော် ပူဇော်ပွဲကျင်းပလေ့ရှိကြသည်။ ယင်းကိုအကြောင်းပြု၍ တပေါင်းလပြည့်နေ့တွင် သဲပုံစေတီများ တည်ထားကိုးကွယ်ကြကြောင်း မှတ်တမ်းများအရ သိရသည်။

မျက်မှောက်ကာလတွင် စေတီ ပုထိုးများ၌ ဗုဒ္ဓပူဇနိယပွဲတော်များကို ကျင်းပကြသည်။ ထေရဝါဒဗုဒ္ဓသာသနာထွန်းကားရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူအပေါင်းသည် စေတနာသဒ္ဓါတရား ထက်သန်ကြသည်ဖြစ်ရာ အလှူရေစက်လက်နှင့်မကွာ ကုသိုလ်ကောင်းမှု ဒါန ပြုခြင်း၊ ဘုရား၊ ကျောင်း၊ ကန်များ၌ ဒါန၊ သီလဆောက်တည်ပွားများခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သာသနာတော်တည်တံ့ပြန့်ပွား ထွန်းကားစေရန် သာသနာတော်ဆိုင်ရာ ချီးကျူးဂုဏ်ပြု ပူဇော်ပွဲအခမ်းအနားများကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိသည်။

ပူဇာစ၊ ပူဇနေယျာနံ၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာမည်၏ဟူသော (၃၈)ဖြာ မင်္ဂလာ တရားတော်နှင့်အညီ သာသနာတော်၌ ပရိယတ်၊ ပဋိပတ်တာဝန်ကို ကြိုးပမ်းထမ်းဆောင်လျက်ရှိကြသော ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ် တပေါင်းလပြည့်နေ့တိုင်း ဆက်ကပ်လှူဒါန်း ပူဇော်လေ့ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သာသနာတော်မြတ်ကြီးတွင် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ဟူသည့် ကောင်းမြတ်သည့် အကျင့်သိက္ခာတို့နှင့် ပြည့်စုံတင့်တယ်စေရန်နှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးတို့အား အကျင့်တရား၊ အသိတရားများတိုးပွား၍ မဂ်ဖိုလ် နိဗ္ဗာန်တည်းဟူသော ကောင်းကျိုးချမ်းသာကို ရရှိနိုင်စေရန် ရည်သန်၍ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး သာသနာတော်မြတ်ကြီးအား ချီးမြှောက်ထောက်ပံ့လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားပြည်သူအပေါင်းတို့သည် "ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း"ဟူသော လောကသာရပျို့လာ ဆုံးမစကားနှင့်အညီ ကုသိုလ်ကောင်းမှုများကိုပြုလုပ်ပြီး တပေါင်းလပြည့် နေ့ထူးနေ့မြတ်အခါသမယ၌ ဒါနသီလ ဘာဝနာတရားများ ကျင့်ကြံပွားများအားထုတ်ကြခြင်းဖြင့် ကောင်းကျိုးချမ်းသာအဖြာဖြာကို ရရှိခံစားနိုင်ကြမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရှန်ကျင်းဆိပ်ကမ်းကုန်သွယ်မှု ဒေါ်လာ ၁၀ ဘီလီယံကျော်ရှိခဲ့

ရှန်ကျင်း မတ် ၂၁

တရုတ်နိုင်ငံ မြောက်ပိုင်း ရှန်ကျင်း ဆိပ်ကမ်းမှ တစ်ဆင့် နိုင်ငံခြား ကုန်သွယ်မှုသည် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ အတွင်း၌ အမေရိကန်ဒေါ်လာ ၁၀ဒသမ ၉၃ဘီလီယံထိရှိခဲ့ရာ လွန်ခဲ့သည့်နှစ် အလားတူ နှစ်လထက် ၃၀ဒသမ၆ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့သည်ဟု အကောက်ခွန်ဌာန စာရင်းဇယားများက ဖော်ပြသည်။ ၂၀၀၅ ခုနှစ်၏ ပထမ နှစ်လအတွင်း သွင်းကုန်များသည် အမေရိကန်ဒေါ်လာ ၄ဒသမ ၄၆ဘီလီယံထိ၁၅ဒသမ ၂ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ပို့ကုန်များသည် အမေ ရိကန် ဒေါ်လာ၆ ဒသမ၄၇ ဘီလီယံထိ ၄၄ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

နိုင်ငံခြားငွေကြေး ပံ့ပိုးသည့် စီးပွားရေး လုပ်ငန်းများက စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှု၏ ၄၆ဒသမ ၂ ရာခိုင်နှုန်း ပါဝင်ခဲ့ပြီး ကုန်သွယ်မှု ပမာဏမှာအမေရိကန်ဒေါ်လာ၅ဒသမ ဝ၅ဘီလီယံဖိုးရှိခဲ့သည်။ ပြီးခဲ့သည့် နှစ်အလားတူကာလထက် ၂၈ဒသမ ၂ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟုဆိုသည်။ နိုင်ငံပိုင် ကုမ္ပဏီများ၏ နိုင်ငံခြား ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၄ဒသမ၁၉ဘီလီယံရှိကာ ၂၅ဒသမ ၃ရာခိုင်နှုန်းတိုးမြင့်ခဲ့သည်။ ရှန်ကျင်း ဆိပ်ကမ်းမှ တစ်ဆင့်တင်ပို့သောစက်နှင့်လျှပ်စစ်ထုတ်ကုန် တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၂ဒသမ၄၉ ဘီလီယံ ရှိကာ ၄၀ဒသမ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဆီးချိုရောဂါအတွက်ဆေးဝါးသစ်တစ်မျိုး အင်ဆူလင်နှင့်တွဲဖက်သုံးရန် အတည်ပြု

ဝါရှင်တန် မတ် ၂၀

အမေရိကန် အစားအစာနှင့်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (အက်ဖ်ဒီအေ)က Symlin ဟုခေါ်သော ဆေးဝါးအသစ်တစ်မျိုးကို ဆီးချိုရောဂါ ဝေဒနာရှင်များအတွက် သွေးချိုကို လျော့ကျစေရန် အသုံးပြုသင့်ကြောင်း သဘောတူ အတည်ပြုလိုက်ပြီ ဖြစ်သည်။

ယင်းဆေးဝါးကို ကာလီဖိုးနီးယားပြည်နယ် ဆန်ဒီဂိုမြို့ရှိ အေမီလင်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီက ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး အင်ဆူလင်နှင့်အတူ တွဲဖက်သုံးနိုင်ကြောင်း၊ ယင်းဆေးသည် ထမင်းစားပြီးနောက် သုံးနာရီအတွင်း သွေးချိုလျော့ချမှုကို ကူညီပေးကြောင်း အက်ဖ်ဒီအေက ပြောကြားသည်။

ယင်းဆေးကို အရွယ်ရောက် ဆီးချိုဝေဒနာရှင်များသာ သုံးနိုင်ပြီး ကလေးများစမ်းသပ် မသုံးသင့်ဟု ဆိုထားသည်။

ရောစပ်အသုံးပြုနိုင်

၎င်းဆေးကို အင်ဆူလင်ဆေးဝါးနှင့် ဆေးထိုးပြွန်ထဲတွင် ရောစပ်ပြီး အသုံးပြုနိုင်သည်ဟု အက်ဖ်ဒီအေက ပြောကြားသည်။

အဆိုပါဆေးဝါးကုထုံးသည် သွေးချိုလျော့ကျစေနိုင်ကြောင်း၊ အထူးသဖြင့် ပုံစံအဆင့်တစ် ဆီးချိုဝေဒနာရှင်များ၊ ဝမ်းဗိုက်နာကျင်သူများအတွက် ဖြစ်သည်ဟု ဆိုသည်။

ဆိုးကျိုး

ဆေး၏ ဘေးထွက်ဆိုးကျိုးများအဖြစ် မအီမသာဖြစ်ခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းဗိုက်နာကျင်စေခြင်း၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းနှင့် မူးဝေခြင်းများဖြစ်တတ်သည်ဟုဆိုထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြဝတီရုပ်မြင်သံကြား

၂၄-၃-၂၀၀၅
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၉။ **"မမှောင်သောအလင်း"** (အပိုင်း-၇)
- ၅:၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း-၃၃)
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း-၂၄)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မြန်မာ့ရှုခင်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ **နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း "သူရဲကောင်းများထွန်းကားသည်"** (အပိုင်း-၁) **ဒါရိုက်တာ-ပန်းချီစိုးမိုး သရုပ်ဆောင်-အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီကျော်သူ၊ အကယ်ဒမီရန်အောင်၊ အကယ်ဒမီဒွေး၊ အကယ်ဒမီမင်းမော်ကွန်း၊ နိုင်းနိုင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ အကယ်ဒမီမေသန်းနု၊ အကယ်ဒမီမေသဥ္ဇာဦး၊ အကယ်ဒမီပန်းဖြူ၊ အကယ်ဒမီစိုးမြတ်နန္ဒာ၊ စိုးမိုးကြည်။**

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် မတ် ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန သူနာပြုတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ်အဖြစ် ယင်းဝန်ကြီးဌာန ဆေးတက္ကသိုလ်(၂)ရန်ကုန် ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူးဒေါက်တာဒေါ်ခင်မေအုန်းအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(သတင်းစဉ်)

ကုလသမဂ္ဂလုံခြုံရေးကောင်စီ တိုးချဲ့ဖွဲ့စည်းရန် အတွင်းရေးမှူးချုပ်ကိုဖီအာနန် တိုက်တွန်းပြောကြား

ကုလသမဂ္ဂ မတ် ၂၂

ကုလသမဂ္ဂပြုပြင်ပြောင်းလဲမှု တစ်ရပ်အဖြစ် လုံခြုံရေးကောင်စီကို တိုးချဲ့ရေးနှင့် လူ့အခွင့်အရေးကော်မရှင်ကို ပြုပြင်အစားထိုးရန် အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကုလသမဂ္ဂအား တနင်္လာနေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။

အာနန်၏ အဆိုပါတိုက်တွန်းချက်ကို ကုလသမဂ္ဂအထွေထွေ ညီလာခံကျင်းပမည့် နိုင်ငံပေါင်း ၁၉၁ နိုင်ငံသို့ တနင်္လာနေ့က ဖြန့်ဝေပေးခဲ့သည်။ ထို့ပြင် စစ်အင်အားအသုံးပြုရေးအတွက် လုံခြုံရေးကောင်စီက အခွင့်အာဏာပေးသည့် အခါတွင် စည်းကမ်းချက်များ သတ်မှတ်ပေးရန် လုံခြုံရေးကောင်စီအား ကိုဖီအာနန်က တိုက်တွန်းထားသည်။

သို့ရာတွင် လုံခြုံရေးကောင်စီ ၁၅ နိုင်ငံ ပြောင်းလဲဖွဲ့စည်းမှုအပြင် အင်အားအသုံးပြုရေးတွင် အာနန်က ကိုယ်တိုင် ထောက်ခံချက်ပေးမည်မဟုတ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ၏ သဘောထားအရသာ ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အဆိုပါ လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေးအတွက် စက်တင်ဘာလ၌ ကျင်းပမည့် ကုလသမဂ္ဂထိပ်သီး ညီလာခံအစည်းအဝေးတွင် တက်ရောက်လာသော ကမ္ဘာ့ခေါင်းဆောင်များက လက်မှတ်ရေးထိုးကြရမည်ဖြစ်ပြီး ထို့နောက် အထွေထွေညီလာခံက ထောက်ခံရမည် ဖြစ်သည်။ ကုလသမဂ္ဂသည် လုံခြုံရေးကောင်စီ၏ သဘောတူညီချက် မရဘဲ အမေရိကန်က အီရတ်ကို ကျူးကျော်တိုက်ခိုက်ရန် ဆုံးဖြတ်ပြီးကတည်းက ဝေဖန်ခံရမှုများ တိုးပွားလာခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ရှေးဦးစွာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလခံယူဆောက်တည်စဉ်။

(သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရအား သင်္ကန်း၊ သပိတ်အစရှိသော ပရိက္ခရာလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်း ဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသအား သင်္ကန်း၊ သပိတ်အစရှိသော ပရိက္ခရာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီးဒေါ်ခင်သန်းနွဲ့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသအားလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ထားဝယ်မြို့ ဃောသိတာရာမတိုက် ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသအားလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်

စာမျက်နှာ ၄ ကော်လံ ၁ သို့

✡ *ရှေ့ဖုံးမှ*

တက်ရောက်

ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



စာမျက်နှာ ၃ မှ

ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့တို့က နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘဏအားလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော်ဘဒ္ဒန္တအဂ္ဂိယအားလည်းကောင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩသဓာဘိဝံသက အနုမောဒနာတရားဟောကြားတော်မူပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆွမ်းဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ် တပေါင်းလပြည့်နေ့ (ဥပုသ်နေ့)
၂၄-၃-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈း၁၀ ၇။ အကပဒေသာ
- ၈း၂၀ ၈။ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ Let's Go
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ English for Everyday Use
- ၁၆း၄၀ ၄။ တေးသရုပ်ဖော်အစီအစဉ်
- ၁၆း၅၀ ၅။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၅ခုနှစ်)
- ၁၇း၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၁၇း၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇း၂၅ ၈။ ဓမ္မပူဇာတေးအစီအစဉ်
- ၁၇း၃၅ ၉။ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇း၅၀ ၁၀။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၁၈း၀၅ ၁၁။ ဥယျာဉ်တောင်ရွာ၏ ရွှင်ကြည်မနောအလှူတော်
- ၁၈း၂၀ ၁၂။ အမျိုးသားညီလာခံ ဂုဏ်ပြုတေး
- ၁၈း၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"**(အပိုင်း-၁၇)
- ၁၉း၃၀ ၁၆။ ၂၀၀၅ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဆွေးနွေးခန်း
- ၁၉း၄၅ ၁၇။ ပြည်သူ့အတွက်တပ်မတော် **"စက်မှု၊ သားငါး၊ သတ္တုနှင့် သစ်တော"**
- ၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **မြန်မာရုပ်ရှင် ရုပ်မြင်သံကြားဇာတ်လမ်း "သူရဲကောင်းများ ထွန်းကားသည်" (အပိုင်း-၁)**

ကျော်သူ၊ ရန်အောင်၊ ဒွေး၊ မင်းမော်ကွန်း၊ နိုင်းနိုင်း၊ နေမျိုးအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ မေသန်းနု၊ မေသဉ္ဇာဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ၊ လှမျိုးသဉ္ဇာနွယ် (ဒါရိုက်တာ - ပန်းချီစိုးမိုး)

- ၂၂။ သီတဂူ ဆရာတော် အရှင်ဉာဏိဿရ၏ နွေဦးဆောင်းနှောင်း လတပေါင်း (အပိုင်း-၂)
- ၂၃။ မင်းကွန်းဆရာတော် ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်
- ၂၄။ နောက်တစ်နေ့အစီအစဉ်
- ၂၅။ အစီအစဉ်ပြီး၏။

ဘွဲ့တံဆိပ်တော်ရဆရာတော်များ ထပ်ဆင့်ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၃

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)ကကြီးမှူး၍ ၂၀၀၅ခုနှစ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ရွှေရောင်တော်ဆရာတော်၊ ကုန်းသာကန်ဦးဆရာတော်နှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဂျပန်နိုင်ငံရောက် ပြည်ပဘွဲ့ခံ ရှမ်းကိုင်းဆရာတော်တို့အား မတ်၂၆ရက်(စနေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်ဓမ္မာရုံ၌ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၊ နယ်သူ နယ်သားများ ကြွရောက်ပူဇော်ကြရန်နှင့် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင် (ငြိမ်း) ဖုန်း-၆၉၉၆၀၂၊ ၆၉၉၈၆၅၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုး ဖုန်း-၅၃၉၇၃၈၊ ၆၅၁၉၄၃၊ ဘဏ္ဍာရေးမှူး ဒေါ်မိမိခိုင် ဖုန်း-၂၄၃၉၉၂၊ ၆၄၀၈၆၈နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဈေးငွေလုပ်ငန်းများဆိုင်ရာသင်တန်းဖွင့်

ရန်ကုန် မတ် ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ချေးငွေလုပ်ငန်းများဆိုင်ရာ သင်တန်း(ကြီးကြပ်ဝန်ထမ်းများ)အမှတ်စဉ်(၁/၂၀၀၅)နှင့် Desktop Publishing Course (Pagemaker, Excel) သင်တန်း အမှတ်စဉ်(၁/၂၀၀၅)ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက် နံနက် ၁၀ နာရီတွင် ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁) သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

ယင်းအခမ်းအနားသို့ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းနှင့် အထွေထွေမန်နေဂျာများ၊ ဒုတိယအထွေထွေ မန်နေဂျာများ၊ လက်ထောက်အထွေထွေ မန်နေဂျာများ၊ မန်နေဂျာများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ **(က-ပ)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ်၊ မတ်လအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့) ၂၇-၃-၂၀၀၅ ရက်နေ့

၂၀၀၅ခုနှစ်၊ ဧပြီလ အတွက်

၁၀-၄-၂၀၀၅ ရက်နေ့ နှင့်
၂၄-၄-၂၀၀၅ ရက်နေ့

သဘာဝဘေးအန္တရာယ်ကြောင့် လူသားများအတွက် ဆုံးရှုံးနစ်နာမှုများရှိနိုင် ပြောင်းလဲနေသည့် မိုးလေဝသနှင့် ရာသီဥတုကြိုတင်ခန့်မှန်းနိုင်ရန် အထူးလိုအပ် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး တာဝန်ရှိသူအားလုံး နိုးကြားစွာ လက်တွဲဆောင်ရွက်

ရန်ကုန် မတ် ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park) အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် အတူစုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)မှ ဌာနေ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ National Institute of Ocean Technology (NIOT)(India) မှ ကိုယ်စားလှယ်များ၊ Japan Agency for Marine-Earth Science and Technology မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ၁၉၅၀ ပြည့်နှစ်၌ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်အဖြစ် ထူထောင်ဖွဲ့စည်းရာတွင် ရှေးဦးစွာ သဘောတူ လက်မှတ်ရေးထိုးခဲ့သည့် ကမ္ဘာ့နိုင်ငံများထဲတွင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် ရပ်တည်ပါဝင်နိုင်ခဲ့ခြင်းအပေါ် ဝမ်းသာဂုဏ်ယူမိဆဲ ဖြစ်ကြောင်း။

အစဉ်အလာအရ စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတိုင်း မြန်မာပြည်သူများသည် ရှေးပဝေသဏီကတည်းကပင် မိမိတို့ ရင်ဆိုင်ကြုံတွေ့နေရသော မိုးလေဝသ၊ ရာသီဥတုနှင့် သဘာဝ ရေအနေအထားတို့နှင့် စပ်လျဉ်းပြီး မိမိတို့၏ ကိုယ်ပိုင်အမှတ်သင်္ကေတများနှင့် ကြိုတင်ခန့်မှန်းသတိထားပြီး စိုက်ပျိုးရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ယနေ့ခေတ်ကာလကဲ့သို့ ခေတ်မီနည်းပညာများနှင့် ရာသီဥတုကို ခန့်မှန်းနိုင်စွမ်း မရှိသေးသည်မှာ အမှန်ပင်ဖြစ်ကြောင်း။

ပိုမိုဖော်ထုတ်လာနိုင်

ယနေ့ကမ္ဘာတွင် သိပ္ပံနှင့်နည်းပညာသည် အရှိန်အဟုန်ဖြင့် လျင်မြန်စွာ ပြောင်းလဲတိုးတက်လျက်ရှိပြီး ထိုသို့ တိုးတက်ပြောင်းလဲမှုသည် လူ့အဖွဲ့အစည်း၏ ကဏ္ဍရပ်အားလုံးအပေါ် အကျိုးသက်ရောက်လျက်ရှိကြောင်း၊ လူသားများကို အကျိုးပြုသည့် နယ်ပယ်သစ်၊ ဘာသာရပ်အသစ်များ ဖြစ်ထွန်းလာပြီး လူသားများ၏ မျှော်လင့်တောင့်တမှုများကို ပိုမိုကျယ်ပြန့်စွာ ဖြည့်ဆည်းပေးလာနိုင်ကြောင်း၊ မိုးလေဝသ၊ ဇလဗေဒနှင့်မြေငလျင်ဆိုင်ရာ အချက်အလက်များကိုလည်း ပိုမိုဖော်ထုတ်လာနိုင်ကြောင်း။

ကြိုတင်ခန့်မှန်းနိုင်စွမ်း

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် တစ်ဖက်တွင် ခေတ်မီတိုးတက်မှုနှင့် လူနေမှုအဆင့်အတန်းမြင့်မားမှုကို ဖော်ဆောင်သော်လည်း တစ်ဖက်တွင်လည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်ပြားစေခဲ့သည့် လက်တွေ့ ဖြစ်ရပ်များစွာကို ကြုံတွေ့လာခဲ့ရကြောင်း၊ သဘာဝပတ်ဝန်းကျင်သည် တိကျသည့် သဘာဝစည်းမျဉ်း၊ စည်းကမ်းများအတိုင်း သူ့သဘော သူဆောင်ပြီး ပြုပြင်ပြောင်းလဲလျက်ရှိကြောင်း၊ လူသားများအနေဖြင့် လေ့လာသိရှိ ဖော်ထုတ်နိုင်ခြင်းသည် အနည်းငယ်မျှသာရှိသေးသည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် လူသားများနှင့် ဆက်စပ်နေသော မိုးလေဝသ၊ ရာသီဥတုနှင့် ရေတို့၏ သဘာဝကျကျ မြန်မြန်ဆန်ဆန် အပြန်အလှန် ထိန်းညှိပြောင်းလဲမှုဖြစ်စဉ်များအရ ပေါ်ပေါက်လာနေသည့် အချိန်အခါမဟုတ် မိုးထစ်ချုန်းရွာခြင်း၊ ပြင်းထန်သော ရာသီဥတုဖောက်ပြန်ခြင်း၊ ရေကြီးခြင်း၊ ပုံမှန်မဟုတ်သည့် မုန်တိုင်းများ ဖြစ်ပေါ်ခြင်းတို့၏ သဘော သဘာဝ အနေအထားတို့ကို ဖော်ထုတ်လေ့လာနေရဆဲပင် ဖြစ်ကြောင်း၊ မိုး လေဝသနှင့် ရာသီဥတုကို ကြိုတင်ခန့်မှန်းနိုင်စွမ်းရှိရန် အရေးကြီးသကဲ့သို့ သင့်တင့်မျှတသော မိုးလေဝသနှင့် ရာသီဥတုရှိနေရန်လည်း လိုအပ်ကြောင်း။

မြန်မာနိုင်ငံသည် သင့်တင့်မျှတသည့် မိုးလေဝသနှင့် ရာသီဥတုများ ရရှိခံစားနေရခြင်းကြောင့် ဇီဝမျိုးစုံ ဖွံ့ဖြိုးရေးအတွက် အခြေအနေပေးသကဲ့သို့ မြို့ပြ သောက်သုံးရေဖူလုံရေး၊ စိုက်ပျိုးရေရရှိရေးနှင့် စက်မှုလုပ်ငန်းသုံး ရေရရှိရေးတို့အတွက် ရေအရင်းအမြစ် လုံလောက်စွာ ရှိနေကြောင်း။

ပထဝီအနေအထားအရလည်း မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့၏ အရှေ့ဘက်ကမ်း၌ တည်ရှိနေသည့်အတွက် အနောက်တောင်မုတ်သုံလေ၏ အကျိုးပြုမှုများကို ခံစားရသကဲ့သို့ မိုးကြီးမှုနှင့် မြစ်ရေကြီးမှု အန္တရာယ် တို့ကိုလည်း တစ်ပြိုင်တည်း ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ သဘာဝဘေးအန္တရာယ်များကို ကြုံတွေ့ရသည့်အခါ ကြိုတင်ပြင်ဆင်ကာကွယ်သင့်သည်များကို လုပ်ဆောင်နိုင်မှုမရှိပါက ဆုံးရှုံးနစ်နာမှုများနှင့် ရင်ဆိုင်ကြရခြင်းဖြစ်ကြောင်း၊ ထိုသို့ လူသားများအတွက် ဆုံးရှုံးနစ်နာမှုမများစေရန် ပြောင်းလဲနေသည့် မိုးလေဝသနှင့်ရာသီဥတုကို ကြိုတင်ခန့်မှန်းနိုင်ရန် အထူးလိုအပ်လျက်ရှိကြောင်း။

ဆုံးရှုံးမှုလျော့နည်း

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်တို့သည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံအသီးသီး၏ မိုးလေဝသဌာနများနှင့် ပူးပေါင်းပြီး နှစ်ရှည်စီမံချက်များချမှတ်၍ ကြိုတင်အသိပေး ကာကွယ်မှုများကို အတတ်နိုင်ဆုံး ဆောင်ရွက်လျက်ရှိသည့်အတွက် ယခုအခါ မုန်တိုင်းဒဏ်ကြောင့် သေကျေပျက်ဆီးဆုံးရှုံးမှု သိသိသာသာ လျော့နည်းသွားပြီဖြစ်ကြောင်း။

၂၀၀၄ခုနှစ် ဒီဇင်ဘာ၂၆ရက်တွင် အင်အားရစ်ချ်တာစကေး ၉ အဆင့်ရှိသည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်ကြီးတစ်ခု ဆူမားတြားကျွန်းတောင်ဘက် ပင်လယ်ပြင်၌ တုန်လှုပ်ရာမှ ဆူနာမီ ရေလှိုင်းကြီးများဖြစ်ပေါ်ခဲ့ပြီး ကမ်းခြေဒေသများတွင် နေထိုင်ကြသူများ၊ အဆောက်အအုံများကို ပျက်စီးဆုံးရှုံးစေခဲ့ကြောင်း၊ အိန္ဒိယသမုဒ္ဒရာနှင့် ထိစပ်လျက်ရှိသည့် နိုင်ငံပေါင်းများစွာတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြိုးစားလုပ်ဆောင်နေရဆဲဖြစ်ကြောင်း၊ ဆက်စပ်နေသော မြန်မာနိုင်ငံတွင်လည်း ကံကောင်းစွာပင် လူ၆၁ဦးသာ ပျက်စီးဆုံးရှုံးမှုခံရသဖြင့် အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် ပျက်စီးဆုံးရှုံးမှုပမာဏမှာ များစွာလျော့နည်းသည်ကို တွေ့ရမည် ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပျက်စီးဆုံးရှုံးမှုများစွာကို ကာကွယ်နိုင်ရန်အတွက် ဆူနာမီကြိုတင်သတိပေးစနစ်တစ်ရပ် ထူထောင်ရန် အိန္ဒိယသမုဒ္ဒရာ ဝန်းကျင်နိုင်ငံများကများစွာလိုလား တောင့်တလျက်ရှိကြောင်း။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ပစိဖိတ်သမုဒ္ဒရာ ဆူနာမီ ကြိုတင်သတိပေးဌာန စသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အာရှ သဘာဝ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဌာနနှင့် အာဆီယံ မိုးလေဝသနှင့် ဘူမိရူပဌာနများ၏ အင်တိုက်အားတိုက် အားပေးတိုက်တွန်းမှု၊ ရန်ပုံငွေ ထည့်ဝင်မှု၊ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုများကြောင့် များမကြာမီကာလအတွင်း၌ ဆူနာမီကြိုတင်သတိပေးစနစ် ဖြစ်ထွန်းလာတော့မည်ဖြစ်သည့်အတွက် အနာဂတ်တွင် ဆူနာမီရေလှိုင်းဒဏ်ကြောင့် လူပေါင်းများစွာ၏ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးမှုကို ဟန့်တားနိုင်တော့မည်ဟု ယုံကြည်မိကြောင်း။

မြန်မာနိုင်ငံသည် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်းမှစပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်းပြင်းထန်ထန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်မြေဒေသအားလုံး မျှတစွာ တစ်ပြိုင်တည်း ဖွံ့ဖြိုးလာရေးအတွက် ကဏ္ဍအလိုက် လိုအပ်သည့်အခြေခံ အဆောက်အအုံများ ကိုလည်း ပြည့်စုံလုနီးပါးဖြစ်အောင် အင်တိုက်အားတိုက် တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ထူးချွန်ထက်မြက်သည့် ပညာတတ် လူ့အရင်းအမြစ်များ မွေးထုတ်နိုင်အောင်လည်း လိုအပ်သည့် တက္ကသိုလ်၊ ကောလိပ်များကို သတ်မှတ်ထားသည့် ဖွံ့ဖြိုးရေးဒေသများတွင် ထူထောင်ပေးသကဲ့သို့ နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးကိုလည်း အလေးပေးဆောင်ရွက်လျက်ရှိကြောင်း။

ဤနေရာ၌ ကမ္ဘာပေါ်တွင် လူသားများအနေဖြင့် သဘာဝသယံဇာတများကို အကန့်အသတ်မရှိ ထုတ်ယူသုံးစွဲခဲ့ကြသည့်အတွက် သစ်တောသယံဇာတများ ဆုံးရှုံးပြီး ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများဖြစ်ပေါ်၍ ရေကြီးနစ်မြုပ်မှု အန္တရာယ်များ ကြုံတွေ့လာရသည်ကို သတိပြုရန် လိုအပ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထူထောင်ရာ၌ သဘာဝပတ်ဝန်းကျင် မပျက်စီး မဆုံးရှုံးစေရအောင် အလေးထားလုပ်ကိုင်ဆောင်ရွက်ရန် အရေးကြီးကြောင်း။

ခိုင်ခိုင်မာမာရပ်တည်

မြန်မာနိုင်ငံတွင်လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကို စဉ်ဆက်မပြတ် အလေးထားပြီး ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်အောင် ဆောင်ရွက်ခဲ့သည့်အတွက်

စာမျက်နှာ ၇ ကော်လံ ၄

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

✻ နိုင်ငံတော်ဖွဲ့စည်းပုံမှ

စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ ဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့ ၁၇ ဖွဲ့အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှစတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးလော်ဆင်ကွမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခ) ဦးဖီးလစ်ဆမ်၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဒင်(ခ) ဦးထေးရယ်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကြည်တင့်၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးဘိုသိန်း၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာသိန်းညွန့် (ညွန့်ဝေ-ကသာ)၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

စုံညီအစည်းအဝေးစတင်

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ဦးရှိပြီး ၁၀၆၈ ဦး တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၈၀ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် စုံညီအစည်းအဝေးအစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ် အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာတွင် ရှေးဦးစွာ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးသိန်းထွန်းက ဖတ်ကြားတင်ပြသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက်

စာမျက်နှာ ၇ ကော်လံ ၁

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးအောင်သိန်းက ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၌ ပါဝင်သည့်တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် စာတမ်းကိုဖတ်ကြားစဉ်။ (သတင်းစဉ်)

တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးသိမ်းကြည်က ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)



တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးလှစိုးက ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သည့် မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်က ဖတ်ကြားတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်ကြသော ဒေါက်တာမှူထန်၊ ဦးအောင်သိန်းနှင့် ဦးထွန်းကျော်တို့ စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းကို တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသော ဦးအောင်သိန်းနှင့် ဦးထွန်းကျော်တို့က ဖတ်ကြားတင်ပြကြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီ ၀၅ မိနစ်တွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသော ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနှင့် ဦးတင်ထွန်းမောင်တို့ စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက် စာတမ်းကို တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသော ဦးသိမ်းကြည်နှင့် ဦးလှစိုးတို့က ဖတ်ကြားတင်ပြကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မတ် ၂၅ ရက် နံနက် ၉ နာရီတွင် ဆက်လက် ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

စာမျက်နှာ ၅ မှ

နိုင်ငံတော်ဧရိယာ၏ ထက်ဝက်ကျော်တွင် သစ်တောနှင့် သစ်တောမြေများ ဖုံးလွှမ်းနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများထဲ၌ မြန်မာနိုင်ငံသည် သစ်တောဖုံးလွှမ်းသည့်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိကြောင်း။

၁၉၉၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာ့သစ်တောဥပဒေနှင့် နိုင်ငံတော်၏ ကျင့်သုံးလျက်ရှိသည့် အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေး မူဝါဒများကြောင့် ဖွံ့ဖြိုးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအကြား မျှတပြီး နိုင်ငံတော်၏ သစ်တောဧရိယာများသည် ပိုမိုတိုးချဲ့ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ထို့အပြင် အထူးစီမံချက်များဖြစ်သည့် အပူပိုင်းအညာဒေသ စိမ်းလန်းစိုပြည်ရေးစီမံချက်နှင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံချက်တို့ကိုလည်း ထိထိရောက်ရောက် အကောင်အထည်ဖော်လျက်ရှိကြောင်းကို ရှင်းလင်းပြောကြားလိုကြောင်း။

ပြည်သူအားလုံးက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကို ပိုမိုအာရုံစိုက် အလေးထားလာရေးအတွက် တာဝန်ရှိသူအားလုံး၏ ညီညီညွတ်ညွတ် စေတနာရှိရှိ ပူးပေါင်းလက်တွဲဆောင်ရွက်မှုတို့ကြောင့် ယခုနှစ် ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနားကို ခမ်းနားစွာကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ်ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲကိုလည်း အထူးအစီအစဉ်များအဖြစ် ထည့်သွင်းကျင်းပနိုင်ခဲ့ခြင်းသည်မှာလည်း ဝမ်းသာစရာဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ခံများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အလှူရှင်များကိုလည်းကောင်း၊ ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲဝင်များကိုလည်းကောင်း ကျေးဇူးတင်ကြောင်းကို ပြောကြားလိုကြောင်း။

လက်တွဲဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် အခမ်းအနားကို တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအားလုံး စေတနာအရင်းခံပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ရာသီဥတုမှန်ကန်ရေးအတွက် သစ်တော၊ သစ်ပင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် နီးကြားတက်ကြွစွာ အတူလက်တွဲဆောင်ရွက်ကြပါဟု တိုက်တွန်းရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်(WMO) အတွင်းရေးမှူးချုပ်ကပေးပို့သော ကမ္ဘာ့မိုးလေဝသနေ့ သဝဏ်လွှာကို မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစံလှသော်က ဖတ်ကြားတင်ပြပြီး ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)မှ ဌာနေညှိနှိုင်းရေးမှူး Mr. Charles Petrieက ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်များနှင့် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး MICT Parkဗဟိုခန်းမ၌ ခင်းကျင်းပြသထားသည့် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည် ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်က ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၌ ပါဝင်သည့်တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ၏ ဆွေးနွေး အကြံပြုချက် စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးသိန်းထွန်းက ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားသော ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်က ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သည့် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

မတ် ၂၃ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ ဧည့်ခံပွဲသို့တက်ရောက်ရာ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Muhammad Nawaz Chaudhry နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကျိုက်ထိုမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မတ် ၂၃

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)၏ (၅၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁၃ ရက်က ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်အနီးရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခမ္ဘာရုံ၌ကျင်းပရာ ၂၀၀၃-၂၀၀၄ ခုနှစ် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အတည်ပြုသည်။ ဆက်လက်၍ အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင် အဘိုး၊ အဘွား ၄၇ ဦးတို့အား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုများ ချီးမြှင့်ပေးအပ်သည်။ ထို့နောက် ၂၀၀၄-၂၀၀၅ ခုနှစ်အတွက် ဥက္ကဋ္ဌ ဦးသိန်းညွန့်၊ အတွင်းရေးမှူး ဦးစံမြင့်တို့ပါဝင်သော အလုပ်အမှုဆောင်သစ်ကို ရွေးချယ်ဖွဲ့စည်းကြသည်။ **(က-ပ)**

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

လွတ်လပ်ရေး ရပြီးစကာလ ပြည်တွင်း ဆူပူသောင်းကျန်
များကြောင့် လွတ်လပ်ရေး ပြန်လည် ဆုံးရှုံးရတော့မည့် ချော
ကမ်းပါးပေါ်က အမိမြန်မာနိုင်ငံတော်ကို တပ်မတော်သည် အသ
ပေါင်း များစွာ ပေးဆပ်၍ စွန့်လွှတ်စွန့်စား ကယ်တင်ခဲ့ရသ
အကယ်၍ တပ်မတော်သည် စည်းလုံးညီညွတ်မှု၊ စည်းကမ်းလိုက်န
သစ္စာရှိမှု၊ ဇွဲသတ္တိရှိမှု စသည့်...အစဉ်အလာကောင်းများနှင့် မပြ
ခဲ့လျှင်၊ အင်အားတောင့်တင်းမှုမရှိခဲ့လျှင်၊ ထို့ပြင် တပ်မတော်က
ဤသို့ အသက်ပေး၍ စွန့်လွှတ်စွန့်စား ကယ်တင်ခြင်းမရှိခဲ့လျှင် မြန်
လွတ်လပ်ရေး သည်ကား...။

လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သော တပ်မတော်

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို ပြန်ကြည့်လျှင် တပ်မတော်၏ အရေးပါမှုကို ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်သည်။ တိုင်းရင်းသား လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော တပ်မတော်၊ ငွေကြေးနှင့်အခွင့်အရေး အကျိုးအမြတ်ခံစားမှု အတွက်မဟုတ်ဘဲ အသက်ကိုပင် ပေးဆပ်မည်ဟူသော ခံယူချက်ဖြင့်ဖွဲ့စည်းထားသော တပ်မတော်၊ လွတ်လပ်ရေးကို မဖြစ်မနေ ရယူနိုင်ရမည်ဟူသော ယုံကြည်ချက်ဖြင့် ဖွဲ့စည်းထားသော တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုတွင် ရှေ့တန်းစစ်မျက်နှာမှ စွန့်လွှတ်စွန့်စား ပါဝင်ခဲ့သည်။ ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးအောင်ပန်းကို ဆွတ်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်။ မြန်မာ့လွတ်လပ်ရေးကို အလွယ်တကူ ရရှိခဲ့ခြင်း မဟုတ်ချေ။ မျိုးချစ်တိုင်းရင်းသား ပြည်သူတို့နှင့်အတူ ပြည်သူ့ရင်သွေး သားသမီးများ ပါဝင်သော တပ်မတော်တို့လက်တွဲ၍ အသက်၊သွေး၊ချွေး မြောက်မြားစွာ ရင်းနှီးရယူခဲ့ရခြင်းဖြစ်သည်။

လွတ်လပ်ရေးရပြီးစကာလသည် တိုင်းရင်းသား ပြည်သူများ၏ စီးပွားရေးစွမ်းပကားမြှင့်တင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အား မြင့်မားရေး၊ ပြည်ပအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်တွင်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးစသည်များကို ထူထောင်တည်ဆောက်ရန် အထူး လိုအပ်သည့် ကာလဖြစ်သည်။ ထိုကာလမျိုးတွင် အာဏာရ ဖဆပလအဖွဲ့ကြီး အစိတ်စိတ် အမြွှာမြွှာ ပြိုကွဲခဲ့ သည်။ နိုင်ငံရေး ပါတီများသည် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲများဖြင့် အချင်းချင်း မသင့်မမြတ် ဖြစ်ကာ ၁၉၄၈ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဗကပတို့ တောခိုသွားခဲ့သည်။ ထိုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် ရဲဘော်ဖြူတို့သည် ဖဆပလအဖွဲ့မှ နုတ်ထွက်ပြီး တောခိုကြပြန်သည်။

၁၉၄၈-၁၉၄၉ ခုနှစ် ကာလများအတွင်း ဖြစ်ပေါ်ခဲ့သော ပြဿနာအရပ်ရပ်ကို နိုင်ငံတော် အစိုးရသည်လည်းကောင်း၊ ပါလီမန် လွှတ်တော်သည်လည်းကောင်း ဖြေရှင်းနိုင်စွမ်းမရှိတော့ဘဲ ပြည်တွင်းစစ်မီးတောက်လောင်ခဲ့သည်အထိ အခြေအနေ ဆိုးရွားလာခဲ့သည်။

ထိုအချိန်တွင် တပ်မတော်သာလျှင် ကြံ့ကြံ့ခိုင် ရပ်တည်၍ တိုင်းပြည်ကို ချောက်ကမ်းပါးထဲ ကျလုဆဲဆဲ အခြေအနေမှ ကယ်တင်ခဲ့ရသည်။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်သည့် မျိုးချစ် မြန်မာ့တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူများဘက်က ရပ်တည်၍ နိုင်ငံတော် မပြိုကွဲအောင် ထိန်းသိမ်းကာကွယ်ခဲ့ရသည်။ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ရင်းက တပ်မတော် စစ်သည်များ၏ အသက်ပေါင်းများစွာကို ပေးလှူခဲ့ရသည်။

ထိုစဉ်က သောင်းကျန်းသူများသည် မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ် စသည်ဖြင့် တစ်နိုင်ငံလုံးနီးပါး ပျံ့နှံ့ပုန်ကန်ခဲ့ကြသည်။

ထို့ကြောင့် ကြည်း၊ ရေ၊ လေ စစ်သည်များ ပါဝင်သော မြန်မာ့တပ်မတော်သည် တိုင်းရင်းသားပြည်သူတို့နှင့်လက်တွဲ၍ သောင်းကျန်းသူများကို ရင်ဆိုင်တိုက်ခိုက်ခဲ့ရသည်။

လွတ်လပ်ရေး၏ လက်တွေ့အနှစ်သာရမှာ အေးချမ်းမှု၊ သာယာမှု၊ တရားမျှတမှု၊ လုံခြုံမှု၊ ဖူလုံအဆင်ပြေမှုတို့ဖြစ်သော်လည်း လွတ်လပ်ရေး ရပြီးနောက်ပိုင်း နိုင်ငံရေးပါတီများ အကွဲအပြဲဖြစ်ကာ အာဏာလုရေး၊ ဆူပူသောင်းကျန်းရေးစသည့် ထင်ရာစိုင်းလုပ်ရပ်များကိုသာ လုပ်ဆောင်လာကြသည်။

၁၉၄၈ခုနှစ် မတ်လကုန်တွင် တောခိုသွားသော ဗကပတို့နှင့် ၎င်းနှစ် ဇူလိုင်လတွင် တောခိုခဲ့သော ရဲဘော်ဖြူတို့သည် မြေလတ်ဒေသတွင် ပေါင်းမိကြပြီး ရန်ကုန်မြို့ကို သိမ်းပိုက်ရန်အထိ ကြံစည်ခဲ့ကြသည်။

၁၉၄၈ခုနှစ် နှစ်လယ်ပိုင်းတွင် သောင်းကျန်းသူတို့သည် မြေလတ်ပိုင်း မတ္တရာ၊ မြင်းခြံ၊ ပခုက္ကူ၊ ချောက်၊ ရေနံချောင်း၊ မင်းဘူး၊ မကွေးဝန်းကျင် တစ်ဝိုက်တွင် ဆူပူသောင်းကျန်းခဲ့ရာမှ ရန်ကုန်မြို့ဆီသို့ ပြည်-ရန်ကုန် ကားလမ်းအတိုင်း စုန်ဆင်းလာခဲ့ကြသည်။ ထိုနှစ် ဩဂုတ်လ တတိယပတ်တွင် သောင်းကျန်းသူတို့သည် နတ်တလင်းမြို့ အနီးသို့ ရောက်ရှိလာကြပြီး တပ်မတော်နှင့် အပြင်းအထန် ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

ထင်ရှားသော တိုက်ပွဲတစ်ခုမှာ နတ်တလင်းမြို့အနီး ဖိုးသာအောင် ခုံးတံတားတိုက်ပွဲဖြစ်သည်။

၁၉၄၈ခုနှစ် ဩဂုတ်လ၁၉ ရက်နေ့ ည၇ နာရီ

မြင့်သူရိန်

ခန့်တွင် ဖြစ်သည်။ နတ်တလင်းမြို့တွင် တပ်စွဲထားသော တပ်ရင်းမှူး ဗိုလ်မှူးအေးချို ဦးစီးသည့် မြန်မာ့တပ်မတော်သည် အင်အားအဆမတန် များပြားသော သောင်းကျန်းသူများကို ဖိုးသာအောင် ခုံးတံတားမှနေ၍ ရှုပ်ရှုပ်ချုံချုံ ခုခံတိုက်ခိုက်ခဲ့သည်။ တပ်မတော်၏ တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ကို ပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံ စွန် တိုက်ခိုက်မှုကြောင့် သောင်းကျန်းသူများ ဆက် မချီတက်နိုင်တော့ဘဲ ပြန်လည်ဆုတ်သွားခဲ့ကြ ထိုတိုက်ပွဲတွင် ဗိုလ်မှူးအေးချိုသည် ပြင် စွာဒဏ်ရာရပြီး ဩဂုတ်လ ၂၁ရက်တွင် တိုင်း အတွက် အသက်ပေးလှူသွားခဲ့သည်။ ဗိုလ်မှူးအေ နှင့်အတူ တပ်မတော်စစ်သည်များစွာသည် တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ကြ

၁၉၄၉ခုနှစ် နှစ်ဦးပိုင်းတွင် ပဲခူး၊ ဒိုက်ဦ သာယာဝတီ စစ်မျက်နှာများတွင်လည်း တပ်မ သည် သောင်းကျန်းသူများကို ရင်ဆိုင် နှိမ်နင်း ရှိသည်။ ဒိုက်ဦးစစ်မျက်နှာရှိ တိုက်ပွဲ ဖြစ်စဉ် တွင် တပ်မတော်၏ နောက်တန်းဌာနချ သောင်းကျန်းသူများ၏ ဝိုင်းရံခြင်း ခံခဲ့ရ ထိုစဉ် တပ်သားလှသောင်းသည် ရန်သူအများအ သေဆုံးအောင် ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်နိုင်သ မိမိဘက်မှ တပ်ဖွဲ့ဝင်များ ဆုတ်ခွာနိုင်အောင် သေနတ်ဖြင့်နောက်ချန်ကာ ရန်သူကိုကာပစ်ပေ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ပေး လှူ ခဲ့သည်။ အဆိုပါ တိုက်ပွဲတွင် အရာရှိ၊ အ စစ်သည် ၁၀၀ ခန့် နိုင်ငံအတွက် အသက် ခဲ့ရသည်။

၁၉၄၉ ခုနှစ်သည် တိုင်းပြည်၏ အဆိုးရွာ ကာလ ဖြစ်သည်။ မြန်မာနိုင်ငံရှိ မြို့များအ ၇၅ ရာခိုင်နှုန်းခန့်သည် ရောင်စုံသောင်းကျ များ၏ လက်တွင်းသို့ ကျရောက်နေသ ရန်ကုန်မြို့သည်ပင် သောင်းကျန်းသူများ လက် သို့ ကျရောက်ရတော့မည့် အခြေအနေ ဖြစ်သ 'ရန်ကုန်အစိုးရ'ဟုပင် ရည်ညွှန်းခံ နေရ အချိန်ဖြစ်သည်။ ပြည်ထောင်စုကြီးအား သ ကြသော မြန်မာ့တပ်မတော်သားတို့၏ စွန့် စွန့်စား တိုက်ခိုက်ကာကွယ်မှုကြောင့်သာ ပြည်ထောင်စုကြီးသည် ယင်းအခြေအ လွတ်မြောက်လာရခြင်း ဖြစ်သည်။

တပ်မတော်သားများသည် အသက်စွန့် ကို သိပါလျက် တိုင်းပြည်နှင့် လူမျိုးတို့အ မိမိတို့၏ အသက်ကိုပေးလှူသွားခဲ့သည်။ အ အခဲများကြားက ရယူထားရသည့် မြ လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးမသွားစေရန် အ ပေး၍ ကာကွယ်ခဲ့ကြသည်။

ဤသို့လျှင် မြန်မာ့တပ်မတော်သားများ အသက်၊ သွေး၊ ချွေးပေးဆပ်၍ တိုင်း လွတ်လပ်ရေးကို ကာကွယ်ခဲ့ကြသဖြင့် ယနေ မြန်မာတိုင်းရင်းသားတို့သည် အချုပ်အ

ပြည်တွင်းသောင်းကျန်းသူများအား နှိမ်နင်းရာတွင် တပ်မတော်(ရေ)မှ စစ်ရေယာဉ်မေယုသည် စွမ်းစွမ်းတမံ တိုက်ပွဲဝင်ခဲ့သည်။

၁၉၄၉ ခုနှစ်သည် တိုင်းပြည်၏ အဆိုးရွားဆုံးကာလဖြစ်သည်။ မြန်မာနိုင်ငံရှိ မြို့များအနက် ၇၅ ရာခိုင်နှုန်းခန့်သည် ရောင်စုံ သောင်းကျန်းသူများ၏ လက်တွင်းသို့ ကျရောက်နေသည်။ ရန်ကုန်မြို့သည်ပင် သောင်းကျန်းသူများ လက်တွင်းသို့ကျရောက် ရတော့မည့် အခြေအနေ ဖြစ်သည်။ 'ရန်ကုန်အစိုးရ' ဟုပင်ရည်ညွှန်းခံနေရသည့်အချိန် ဖြစ်သည်။ ပြည်ထောင်စုကြီးအား သစ္စာရှိကြသော မြန်မာ့တပ်မတော်သားတို့၏ စွန့်လွှတ်စွန့်စား တိုက်ခိုက် ကာကွယ်မှုကြောင့်သာလျှင် ပြည်ထောင်စုကြီးသည် ယင်းအခြေအနေမှ လွတ်မြောက်လာရခြင်း ဖြစ်သည်။

ပြည်တွင်း ဆူပူသောင်းကျန်းမှု
ည့် ဆုံးရှုံးရတော့မည့် ချောက်
ကို တပ်မတော်သည် အသက်
်စွန့်စား ကယ်တင်ခဲ့ရသည်။
ညီညွတ်မှု၊ စည်းကမ်းလိုက်နာမှု၊
အလာကောင်းများနှင့် မပြည့်ဝ
ျှင်၊ ထို့ပြင် တပ်မတော်က သာ
ကယ်တင်ခြင်းမရှိခဲ့လျှင် မြန်မာ့

...ာ တပ်မတော်

...က်ကို ပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံ စွန့်စား
...်ခိုက်မှုကြောင့် သောင်းကျန်းသူများ ဆက်လက်
...ာက်နိုင်တော့ဘဲ ပြန်လည်ဆုတ်သွားခဲ့ကြသည်။
...ိုက်ပွဲတွင် ဗိုလ်မှူးအေးချိုသည် ပြင်းထန်
...ဏ်ရာရပြီး ဩဂုတ်လ ၂၁ရက်တွင် တိုင်းပြည်
...ွက် အသက်ပေးလှူသွားခဲ့သည်။ ဗိုလ်မှူးအေးချို
...အတူ တပ်မတော်စစ်သည်များစွာသည်လည်း
...းပြည်အတွက် အသက်ပေးလှူသွားခဲ့ကြသည်။
...၁၉၄၉ခုနှစ် နှစ်ဦးပိုင်းတွင် ပဲခူး၊ ဒိုက်ဦးနှင့်
...ယာဝတီ စစ်မျက်နှာများတွင်လည်း တပ်မတော်
...ည် သောင်းကျန်းသူများကို ရင်ဆိုင် နှိမ်နင်းလျက်
...ည်။ ဒိုက်ဦးစစ်မျက်နှာရှိ တိုက်ပွဲ ဖြစ်စဉ်တစ်ခု
... တပ်မတော်၏ နောက်တန်းဌာနချုပ်ကို
...ာင်းကျန်းသူများ၏ ဝိုင်းရံခြင်း ခံခဲ့ရသည်။
...ဉ် တပ်သားလှသောင်းသည် ရန်သူအများအပြား
...ဆုံးအောင် ရှပ်ရှပ်ချွံချွံ တိုက်ခိုက်နိုင်သကဲ့သို့
...ာက်မှ တပ်ဖွဲ့ဝင်များ ဆုတ်ခွာနိုင်အောင် စက်
...နတ်ဖြင့်နောက်ချန်ကာ ရန်သူကိုကာပစ်ပေးခဲ့ပြီး
...းပြည်နှင့်လူမျိုးအတွက် အသက်ပေး လှူသွား
...ည်။ အဆိုပါ တိုက်ပွဲတွင် အရာရှိ၊ အကြပ်
...သည် ၁၀၀ ခန့် နိုင်ငံအတွက် အသက်ပေးလှူ
...သည်။

**...၁၉၄၉ ခုနှစ်သည် တိုင်းပြည်၏ အဆိုးရွားဆုံး
...လ ဖြစ်သည်။ မြန်မာနိုင်ငံရှိ မြို့များအနက်
... ရာခိုင်နှုန်းခန့်သည် ရောင်စုံသောင်းကျန်းသူ
...၏ လက်တွင်းသို့ ကျရောက်နေသည်။
...ကုန်မြို့သည်ပင် သောင်းကျန်းသူများ လက်တွင်း
... ကျရောက်ရတော့မည့် အခြေအနေ ဖြစ်သည်။
...ကုန်အစိုးရ'ဟုပင် ရည်ညွှန်းခံ နေရသည့်
...န်ဖြစ်သည်။ ပြည်ထောင်စုကြီးအား သစ္စာရှိ
...သော မြန်မာ့တပ်မတော်သားတို့၏ စွန့်လွှတ်
...စား တိုက်ခိုက်ကာကွယ်မှုကြောင့်သာလျှင်
...ည်ထောင်စုကြီးသည် ယင်းအခြေအနေမှ
...က်မြောက်လာရခြင်း ဖြစ်သည်။**

**...တပ်မတော်သားများသည် အသက်စွန့်ရမည်
... သိပါလျက် တိုင်းပြည်နှင့် လူမျိုးတို့အတွက်
...တို့၏ အသက်ကိုပေးလှူသွားခဲ့သည်။ အခက်
...များကြားက ရယူထားရသည့် မြန်မာ့
...်လပ်ရေး ပြန်လည်ဆုံးရှုံးမသွားစေရန် အသက်
...၍ ကာကွယ်ခဲ့ကြသည်။**

**...ဤသို့လျှင် မြန်မာ့တပ်မတော်သားများသည်
...က်၊ သွေး၊ ချွေးပေးဆပ်၍ တိုင်းပြည်
...်လပ်ရေးကို ကာကွယ်ခဲ့ကြသဖြင့် ယနေ့တိုင်
...မာတိုင်းရင်းသားတို့သည် အချုပ်အခြာ**

မြန်မာ့လွတ်လပ်ရေးကို ထိပါးလာသော သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းရန်အတွက် မြန်မာ့တပ်မတော်သားများ ပြည်မြို့သို့ ချီတက်လာသည်ကို ဤသို့တွေ့ရသည်။

အာဏာပိုင်လွတ်လပ်သည့် တိုင်းပြည်တွင် အေးချမ်းစွာ နေထိုင်ရလျက်ရှိနေခြင်းဖြစ်သည်။

အကယ်၍သာ ထိုစဉ်က အာဏာရပါတီ အကွဲအပြဲပြဿနာများ၏ နောက်ဆက်တွဲဖြစ်သည့် နိုင်ငံပြိုကွဲမည့်အန္တရာယ်ကို တပ်မတော်က အချိန်မီ မကယ် တင်နိုင်ခဲ့ပါလျှင် လွတ်လပ်ပြီးစ မြန်မာနိုင်ငံသည် ချောက်ကမ်းပါးထဲသို့ ပြန်လည်ကျရောက်သွားမည် ဖြစ်သည်။

တပ်မတော်သည် ပြည်တွင်းဆူပူသောင်းကျန်းမှုများကို ဖိုးသာအောင် ခုံးတံတား၊ ဝက်ကော်တံတား၊ ပဲခူးဘုရားကြီး၊ အင်းစိန်၊ သာစည် စသည့်နေရာများတွင် အောင်မြင်စွာတိုက်ခိုက်ခဲ့ပြီးနောက် ၁၉၄၉ ခုနှစ် မေလ ၁၃ရက်နေ့တွင် ကြို့ပင်ကောက်မြို့၊ မေလ ၁၄ရက် နေ့တွင် ဇီးကုန်းနှင့် နတ်တလင်းမြို့များ၊ မေလ ၂၂ ရက်နေ့တွင် ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း နှင့် တံတားဦးမြို့များ၊ ဇွန်လ ၁၂ ရက်နေ့တွင် ကျောက်ဆည်၊ ညောင်ဦး၊ ချောက်နှင့် ရေနံချောင်းမြို့များ၊ ဇွန်လ ၂၅ ရက်နေ့တွင် သထုံမြို့၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် သာယာဝတီမြို့၊ ဇူလိုင်လ ၂၄ ရက် နေ့တွင် မြင်းခြံမြို့၊ စက်တင်ဘာလ ၁ရက်နေ့တွင် လားရှိုးမြို့၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် တောင်ကြီးမြို့၊ ဒီဇင်ဘာလတွင် ထုံးကြီးရွာတို့ကို ပြန်လည်သိမ်းပိုက်ပြီးနောက် ရန်ကုန်–ပဲခူး မီးရထားလမ်းကို ဖွင့်လှစ်ပေးခဲ့သည်။

လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသော မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးရပြီးသည့် နောက်တွင်လည်း ဖော်ပြပါ တိုက်ပွဲများ ဆင်နွှဲ၍ အသက်၊ သွေး၊ ချွေး ပေးဆပ်ကာ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ခဲ့သည်။ နိုင်ငံတစ်နိုင်ငံတွင် တပ်မတော်၏ အရေးပါမှုကို သက်သေပြလိုက်ခြင်း ဖြစ်သည်။

ဤနေရာတွင် တပ်မတော်၏ မျိုးချစ်စိတ်ဓာတ်ရှိမှု၊ စည်းလုံး ညီညွတ်မှု၊ ကိုယ်ကျိုးစွန့်မှု တို့ကို တွေ့ရှိရမည်ဖြစ်သည်။



၁၉၄၉ခုနှစ် ပြည်တွင်းသောင်းကျန်းမှုတိုက်ပွဲများတွင် အသုံးပြုခဲ့သည့် မြန်မာ့တပ်မတော်(လေ)မှ စပစ်ဖိုင်းယားလေယာဉ်။

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

၁၉၄၉ခုနှစ် နှစ်ဆန်းတွင် ပုသိမ်မြို့၌ အခိုင်အမာတပ်စွဲထားသော သောင်းကျန်းသူများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ် မေယုနှင့် အင်းမ၊ တိုက်ရေယာဉ် ၁၂၉၉၊ ၁၃၆၉နှင့် ၁၄၇၈ တို့က ဝိုင်းရံတိုက်ခိုက်ပြီး ပုသိမ်မြို့ကို ပြန်လည်သိမ်းယူနိုင်ခဲ့သည်။ ၁၉၄၉ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင်လည်း သောင်းကျန်းသူများ အဝိုင်းခံနေရသော မအူပင်မြို့ရှိ တပ်မတော်စစ်သည်များထံ ရိက္ခာနှင့် လက်နက်ခဲယမ်းများပို့ရန်သွားသည့် စစ်ရေယာဉ် ရွှေပုစွန်နှင့် တိုက်ရေယာဉ် ၁၄၅၆ တို့ကို သောင်းကျန်းသူများက လက်နက်မျိုးစုံဖြင့် ဆီးကြိုတိုက်ခိုက် ကြသည်။ ယင်းတိုက်ပွဲတွင် ရွှေပုစွန်ရေယာဉ်မှူး ဗိုလ်ကြီးထွန်းတင်သည် မျက်နှာ၌ ဒဏ်ရာပြင်းထန် စွာရနေသော်လည်း ရန်သူများကို ရှပ်ရှပ်ချွံချွံ ခုခံတိုက်ခိုက် အောင်ပန်း ဆင်နိုင်ခဲ့သည်။

ဤနေရာတွင် တပ်မတော်၏ အစဉ်အလာကောင်းများဖြစ်သည့် တစ်ဦးချင်းအကျိုးကို ပဓာနမထားဘဲ အများအကျိုးကို ရှပ်ရှပ်ချွံချွံ ထမ်းရွက်ခြင်း၊ စွန့်လွှတ် စွန့်စားခဲ့ခြင်း၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိတို့ဖြင့် ပါဝင်ခဲ့မှုများသည် မြေပြင်စစ်ဆင်ရေးများ အတွက်များစွာ အထောက်အကူ ဖြစ်စေခဲ့သည်။

လွတ်လပ်ပြီးစကာလမှာပင် လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးရတော့မည့်အရေးနှင့် အဘယ်ကြောင့် ဤသို့ ကြုံတွေ့ခဲ့ရပါလေသနည်း၊ အဖြေကား တပ်မတော်အင်အားတောင့်တင်းမှုကို ပြိုကွဲအောင် ကြံဆောင်သူများ၊ ကိုယ်ကျိုးရှာသူများကြောင့်ဟု ဆိုရမည် ဖြစ်သည်။ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်စဉ်က တပ်မတော်နှင့်အတူ လက်တွဲ၍ တိုက်ပွဲဝင်ခဲ့ကြသော နိုင်ငံရေးပါတီအချို့သည် လွတ်လပ်ရေးရပြီးသောအခါ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲများဖြင့် မသင့် မမြတ်ဖြစ်ကာ တောခိုခဲ့ကြသည်။ ၎င်းတို့သည် တပ်မတော်ကို ဖြိုခွဲခဲ့ကြသည်။ လွတ်လပ်ရေးကို ထိပါးခဲ့ကြသည်။ တပ်မတော်အင်အား ကျဆင်းပြိုကွဲသည်နှင့်အမျှ လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးပြီး သူ့ကျွန်ဘဝ ပြန်ရောက်မည်မှာ ဧကန်မုချဖြစ်သည်။

သို့သော် တပ်မတော်သည် ပြည်သူနှင့်လက်တွဲခဲ့သည်။ ပြည်သူ့အားကိုယူ၍ အင်အားတောင့်တင်းသော တပ်မတော်အဖြစ် တပ်ကိုတည်ဆောက်ရင်း အန္တရာယ်မှန်သမျှကို ကြံ့ကြံ့ခံတွန်းလှန်တိုက်ခိုက်ချေမှုန်းခဲ့သည်။

ဤသို့လျှင် မြန်မာ့တပ်မတော်သည် လွတ်လပ်ရေး ရပြီးစကာလ ပြင်းထန်စွာ ပေါ်ပေါက်ခဲ့သော ပြည်တွင်းသောင်းကျန်းမှုများကို တိုက်ခိုက်နှိမ်နင်းကာ ဆုံးရှုံးလုနီးပါးဖြစ်ခဲ့သည့် မြန်မာ့လွတ်လပ်ရေးကို ပထမအကြိမ် ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။

ပြည်တွင်းသောင်းကျန်းသူများအား နှိမ်နင်းရန်အတွက် မြန်မာ့တပ်မတော်မှ ဘရင်းကယ်ရီယာများ ချီတက်လာစဉ်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်တွင်းသောင်းကျန်းမှုများကို နှိမ်နင်းရာတွင် တပ်မတော်(ရေ)၏ စွမ်းစွမ်းတမံ ဆောင်ရွက်မှုများသည်လည်း ထင်ရှားခဲ့သည်။ တပ်မတော်(ကြည်း)ကဆင်နွှဲသော တိုက်ပွဲများတွင် တပ်မတော်(ရေ)ကလည်း ရှပ်ရှပ်ချွံချွံ စွန့်စွန့်စားစားပါဝင်ကူညီ တိုက်ခိုက်ခဲ့သည်။

ပြည့်စုံခဲ့ခြင်းကြောင့် တပ်မတော်(ရေ)က ဤသို့ အောင်ပန်းဆင်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ပြည်တွင်းသောင်းကျန်းမှုများကို နှိမ်နင်းရာတွင် တပ်မတော်(လေ)၏ စွမ်းစွမ်းတမံ

တစ်နည်းအားဖြင့်ဆိုရသော် လွတ်လပ်ရေးရပြီးစကာလ ပြည်တွင်း ဆူပူသောင်းကျန်းမှုများကြောင့် လွတ်လပ်ရေး ပြန်လည် ဆုံးရှုံးရတော့မည့် ချောက်ကမ်းပါးပေါ်က အမိမြန်မာနိုင်ငံတော်ကို တပ်မတော်သည် အသက်ပေါင်းများစွာ ပေးဆပ်၍ စွန့်လွှတ်စွန့်စား ကယ်တင်ခဲ့ရသည်။ အကယ်၍ တပ်မတော်သည် စည်းလုံးညီညွတ်မှု၊ စည်းကမ်းလိုက်နာမှု၊ သစ္စာရှိမှု၊ ဖွဲ့သတ္တိရှိမှု စသည့်...အစဉ်အလာကောင်းများနှင့် မပြည့်ဝခဲ့လျှင်၊ အင်အားတောင့်တင်းမှုမရှိခဲ့လျှင်၊ ထို့ပြင် တပ်မတော်က သာ ဤသို့ အသက်ပေး၍ စွန့်လွှတ်စွန့်စား ကယ်တင် ခြင်းမရှိခဲ့လျှင် မြန်မာ့လွတ်လပ်ရေး သည်ကား...။

အကယ်၍သာ ထိုစဉ်က အာဏာရပါတီ အကွဲအပြဲ ပြဿနာများ၏ နောက်ဆက်တွဲဖြစ်သည့် နိုင်ငံပြိုကွဲမည့်အန္တရာယ်ကို တပ်မတော်က အချိန်မီ မကယ်တင်နိုင်ခဲ့ပါလျှင် လွတ်လပ်ပြီးစ မြန်မာနိုင်ငံသည် ချောက်ကမ်းပါးထဲသို့ ပြန်လည်ကျရောက်သွားမည် ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဂျပန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Hitoshi Tanaka နှင့် အဖွဲ့အား ယနေ့ နံနက်၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဥာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nobutake Odano လည်း တက်ရောက်သည်။ **(သတင်းစဉ်)**



ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Hitoshi Tanaka နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၃

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ မတ် ၂၆ရက်မှဧပြီ၄ရက်အထိ နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲကျင်းပမည်ဖြစ်ရာ အထူးပြခန်းတစ်ခုဖြစ်သော တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်းတွင် ကွန်ပျူတာဉာဏ် စမ်းပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို တပ်မတော်နေ့ပြပွဲသို့လာရောက်ကြည့်ရှုသူ မည်သူမဆို ဝင်ရောက်ဖြေဆိုနိုင်၍ ပြပွဲကာလ၁၀ရက်တိုင် နေ့စဉ်မွန်းတည့်၁၂နာရီမှ မွန်းလွဲ၂နာရီအတွင်း တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း သတ်မှတ်ထားသည့်နေရာ၌ ဖြေဆို၍ ဆုရရှိသူများကို နေ့ချင်း ဆုချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဗန္ဓုလစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်းနှင့် နဝဒေးစစ်ကြောင်းတို့၏ တည်းခိုဆောင်များကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၃

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ယနေ့ညနေပိုင်းတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် ဗန္ဓုလစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်းနှင့် နဝဒေးစစ်ကြောင်းတို့၏ တည်းခိုဆောင်များနှင့် လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဗန္ဓုလစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်းတို့၏ တည်းခိုဆောင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ညနေ ၃နာရီတွင် ဗန္ဓုလစစ်ကြောင်း တည်းခိုနေထိုင်လေ့ကျင့်လျက်ရှိသည့် တပ်မတော် အရိုးရောဂါ အထူးကု ဆေးရုံကြီး(ခုတင်-၅၀၀) မင်္ဂလာဒုံသို့ ရောက်ရှိလာရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီး အရာရှိချုပ်(ရေ)ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေး၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် ညီထွန်းနှင့် စစ်ရေးပြလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ဖြည့်ဆည်းပေး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့အား တပ်မတော် အရိုးရောဂါ အထူးကု ဆေးရုံကြီး ဧည့်ခန်းမ၌ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ခင်မောင်ဦးက တပ်ခွဲအလိုက် နေရာချထားမှု၊ သက်သာ ချောင်ချိရေး ဆောင်ရွက်ပေးမှုနှင့် ကျွေးမွေးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဗန္ဓုလစစ်ကြောင်းရှိ တိုင်း၊ တပ်မ၊ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲများ၏ အိပ်ဆောင်များကိုလည်းကောင်း၊ စားရိပ်သာများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဆင်ဖြူရှင်စစ်ကြောင်း တည်းခိုနေထိုင်လေ့ကျင့်လျက်ရှိသည့် မင်္ဂလာဒုံတပ်နယ်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဧည့်ခန်းမဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့အား ဗိုလ်မှူးချုပ်ရဲချစ်ဖေက စစ်ရေးပြတပ်ခွဲများအတွက် အုပ်ချုပ်မှုကိစ္စများ စီစဉ် ဆောင်ရွက်ပေးမှုကို လည်းကောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ခင်အောင်မြင့်က တိုင်း၊ တပ်မ၊ ညွှန်ကြားရေးမှူးရုံးများမှ တပ်ခွဲများအား နေရာချထားမှုနှင့်သက်သာချောင်ချိရေး ဆောင်ရွက်ပေးမှုများကိုလည်းကောင်း၊ စစ်ကြောင်းဆေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်နုနုခင်က ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အစားအသောက်နှင့် ရေကောင်းရေသန့်ရရှိရေး ဆောင်ရွက်မှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို မှာကြားပြီး စီမံဆောင်ရွက်ပေးသည်။

ဖိဖိစီးစီးလေ့ကျင့်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် စစ်ရေးပြလေ့ကျင့်လျက်ရှိသော ဆင်ဖြူရှင်စစ်ကြောင်းမှ စစ်သည်များအား တွေ့ဆုံကာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရန် ရက်အနည်းငယ်သာ လိုတော့၍ ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်နှင့် စစ်ရေးပြ အဆင့်အတန်း မြင့်မားလာရေးအတွက် ဖိဖိစီးစီး လေ့ကျင့်သွားကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နဝဒေးစစ်ကြောင်း တည်းခိုလေ့ကျင့်လျက်ရှိသည့် ရောဝတီရေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြပြီး စစ်သည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့အား ရောဝတီရေတပ်စခန်းဌာနချုပ် ဧည့်ရိပ်သာ၌ နဝဒေးစစ်ကြောင်း စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်ဇော်ဝင်းကစစ်ကြောင်းတွင် ပါဝင်သောတိုင်း၊တပ်မ ညွှန်ကြားရေးမှူးများအား တပ်ခွဲအလိုက် နေရာချထားမှု၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နဝဒေးစစ်ကြောင်း၏ သက်သာချောင်ချိရေး အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ညနေ ၅ နာရီတွင် ရောဝတီရေတပ်စခန်းဌာနချုပ်မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ရေစကြိုမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၂၃

ရေစကြိုမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၇ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် မြသိန်းတန် ပရိယတ္တိစာသင်တိုက် ပုဇွန်တောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ရေစကြိုမြို့နယ်သူ၊ မြို့နယ်သားများအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

ပညာရည်ချွန်ဆုချီးမြှင့်နိုင်ရန်အတွက် ၂၀၀၀-၀၁၊ ၂၀၀၁-၀၂၊ ၂၀၀၂-၀၃၊ ၂၀၀၃-၀၄ ပညာသင်နှစ်များအတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ခဲ့သူနှင့် ဂုဏ်ထူးရရှိသည့် မြို့နယ်သူ၊ မြို့နယ်သားများ၏ သားသမီးများ၏ အမည်စာရင်းကို ဗိုလ်မှူးကြီးစိုးဝင်း ဖုန်း-၃၇၄၅၆၄၊ ၂၂၅၇၈၅၊ ဗိုလ်မှူးကြီးရဲအောင်(ငြိမ်း) ဖုန်း-၃၇၅၅၉၂၊ ၆၅၀၀၈၁၊ ဦးစိန်မြင့် ဖုန်း-၂၄၄၄၈၆၊ ၅၅၄၄၆၄၊ ဦးပေါ် ဖုန်း-၆၈၀၇၉၅၊ ၆၈၃၄၈၂၊ ဦးမြသိန်း ဖုန်း-၆၈၀၈၀၄၊ ၃၈၁၅၂၇၊ ဦးငြိမ်း ဖုန်း-၆၈၀၇၆၀၊ ၆၈၀၇၆၁ နှင့် ဒေါ်ညိုညို ဖုန်း-၆၁၀၇၆၁၊ ၆၁၀၈၀၇ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(က-ပ)

အိုင်တီပညာဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၃

အိုင်တီပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA)က ကြီးမှူး၍ 'Web Services' အလုပ်ရုံဆွေးနွေးပွဲကို MCPA မှ အလုပ်အမှုဆောင် ဦးမောင်မောင်သန့်(My Associate Co.,Ltd.)နှင့် MIT Co., Ltd.တို့က ဦးဆောင် ဆွေးနွေးမည်ဖြစ်သည်။ ယင်းဟောပြောပွဲကို လှိုင်မြို့နယ် MICT Park ရှိ Upper of Canteen တွင် မတ် ၂၆ ရက် (စနေနေ့) မွန်းလွဲ၁နာရီမှ ညနေ ၃ နာရီအထိ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များ၊ IT ပညာရှင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နားထောင် ဆွေးနွေးနိုင်ပြီး အသေးစိတ်သိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်းရုံးခန်း ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့အကြို ဂုဏ်ပြုကဗျာ

နှစ်(၆၀)ပြည့်မော်ကွန်း

☆ ပြန်ပြောချင်သည်၊ ပုံပြင်မဟုတ်၊
ထုပ္ပတ်အစစ်၊ သမိုင်းဖြစ်သည်၊
ဖက်ဆစ်တော်လှန်ရေး၊ သွေးနှင့်ရေးခဲ့၊
စတေးအသက်၊ ပြည်သူ့တွက်ပင်၊
စဉ်ဆက်မပြတ်၊ ဆုံးဖြတ်အဓိဋ္ဌာန်၊
ဇာတိမာန်သည်၊ ရှင်သန်နေသော မျိုးချစ်စိတ်။

☆ လွတ်လပ်ရေးကို၊ သွေးဖြင့်တည်ဆောက်၊
ကျောက်တိုင်မော်ကွန်း၊ ရည်ညွှန်းရသော်၊
တပ်မတော်ကို၊ ဖြစ်ပေါ်ဖွဲ့စည်း၊
ခရီးအစ၊ မတ်လနှစ်ဆယ့်ခွန်၊
ရက်မြတ်မွန်တွင်၊ ရှင်သန်မွေးဖွား၊
ပြည်သူကြားမှ၊ ခွန်အားဖြစ်တည်၊
ဂုဏ်ရည်ရွှန်းလက်၊ အနီထက်တွင်၊
လင်းပြက်ကြယ်ဖြူ၊ ပြည်သူတို့နှင့်အတူတည်း။

☆ ခြောက်ဆယ်နှစ်ပေါင်း၊ ပြန်ပြောင်းကြည့်သော်၊
တပ်မတော်သည်၊ ပြည်သူ့အကျိုး၊
သယ်ပိုးမပျက်၊ စဉ်ဆက်အမွေ၊
ဆက်ခံနေလျက်၊ အသက်ကိုနှင်း၊
စွန့်လွှတ်ခြင်းဖြင့်၊ ပြည်တွင်းပြည်ပ၊
ကြုံရအန္တရာယ်၊ အသွယ်သွယ်ကို၊
ကာကွယ်တားဆီး၊ မြတ်ခရီးသည်၊
ကမ္ပည်းကျောက်တိုင်၊ ခိုင်ခိုင်တည်း။ ။

ဟိန်းထက်စိုး

သူရဲကောင်းများထွန်းကားသည် ရုပ်မြင်သံကြားဇာတ်လမ်း တစ်ပြိုင်တည်းထုတ်လွှင့်မည်

ရန်ကုန် မတ် ၂၃

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် သူရဲကောင်းများထွန်းကားသည် ရုပ်မြင်သံကြားဇာတ်လမ်းကို ဇာတ်ညွှန်း အကယ်ဒမီငြိမ်းမင်းရေးသား၍ ဒါရိုက်တာ အကယ်ဒမီပန်းချီစိုးမိုး ရိုက်ကူးပြီး သရုပ်ဆောင်များအဖြစ် အကယ်ဒမီကျော်သူ၊ အကယ်ဒမီဇင်ဝိုင်း၊ ထပ်ဆင့်အကယ်ဒမီရန်အောင်၊အကယ်ဒမီဒွေး၊ အကယ်ဒမီမင်းမော်ကွန်း၊ နိုင်းနိုင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ထပ်ဆင့်အကယ်ဒမီမေသန်းနု၊ အကယ်ဒမီမေသဥ္ဇာဦး၊ အကယ်ဒမီပန်းဖြူ၊ အကယ်ဒမီစိုးမြတ်နန္ဒာနှင့် အခြားသရုပ်ဆောင်ပေါင်းများစွာတို့ ပါဝင်သရုပ်ဆောင် ရိုက်ကူးထားကြောင်း သိရသည်။

အဆိုပါဇာတ်လမ်းကို အပိုင်းသုံးပိုင်းခွဲ၍ မတ်၂၄ရက်၊ ၂၅ရက်နှင့် ၂၆ရက်ည ရုပ်မြင်သံကြားသတင်းများအပြီး မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြား အစီအစဉ်တို့မှ တစ်ပြိုင်တည်း ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက် အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင် အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဝန်ကြီးဒေါက်တာကျော်မြင့် ကြက်ခြေနီကိုယ်စားပြု စစ်ရေးပြတပ်ခွဲသို့ အလှူငွေများပေးအပ်

ရန်ကုန် မတ် ၂၃

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်အတူ ယမန်နေ့ညနေပိုင်းတွင် တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ နှစ်(၆၀)ပြည့်တပ်မတော်နေ့စစ်ရေးပြ အောင်ဆန်းစစ်ကြောင်းသို့ ရောက်ရှိလာရာ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့ဦးစီးဌာနများမှ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးတို့မှ တာဝန်ရှိသူများနှင့် အောင်ဆန်းစစ်ကြောင်းမှ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော်တို့က ကြိုဆိုကြသည်။

လက်ခံရယူ

ဆက်လက်၍ အလှူငွေပေးအပ်ပွဲအခမ်းအနားကို အောင်ဆန်းစစ်ကြောင်း စစ်ကြောင်းရုံး၌ကျင်းပရာ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အလှူငွေကျပ် ၁၅ သိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အလှူငွေကျပ် ၁၅ သိန်းတို့ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကိုယ်စားပြု စစ်ရေးပြတပ်ခွဲသို့ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း အကျိုးဆောင် အတွင်းရေးမှူး ဒေါက်တာထွန်းစိန်နှင့် အမှုဆောင် ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)တို့က လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း အကျိုးဆောင်အတွင်းရေးမှူး ဒေါက်တာထွန်းစိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ပေါင်းလောင်းရေလှောင်တမံ မြေအောက် ဓာတ်အားပေးစက်ရုံများမှ တစ်ဆင့် စက်တစ်လုံးလျှင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၀ ထုတ်လုပ်နိုင်သည့် စက်လေးလုံးတပ်ဆင်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန်နှင့် ပေါင်းလောင်းမြစ်ရေကြီးမှုကို အထိုက်အလျောက် ကာကွယ်နိုင်ရန်အပြင် လယ်မြေဧရိယာ ဧက ၃၅၀၀၀ ခန့်ကို ဆည်ရေပေးနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အမျိုးအစား

ပေါင်းလောင်း ရေလှောင်တမံ ရေဆင်းဧရိယာမှာ စတုရန်းမိုင် ၁၇၀၀ ရှိပြီး နှစ်စဉ် ပျမ်းမျှစီးဝင်ရေသည် ဧကပေ ၃၂၇၅၇၆၀ ရှိသည်။ တမံအမျိုးအစားမှာ ကျောက်ဖြည့်တမံဖြစ်ပြီး တမံအမြင့်ပေ ၄၃၀ နှင့် အလျားပေ ၃၁၀၀ ရှိသည်။ ကန်ရေပြည့်ရေလှောင်ပမာဏသည် ဧက ပေ ၅၆၀၀၀၀ ရှိ၍ ကန်ရေသေပမာဏ ဧကပေ ၂၇၃၆၅၆ ရှိပြီး ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာမှာ ၄၁၉၉ ဧက ရှိသည်။

အမြင့်ဆုံး

ပေါင်းလောင်းရေလှောင်တမံ၏ ထူးခြားချက်များမှာ တမံအမြင့်ပေ ၄၃၀ မြင့်သောကြောင့် မြန်မာနိုင်ငံတွင် အမြင့်ဆုံးတမံဖြစ်သည်။ မြန်မာနိုင်ငံတွင်ရှိသည့်ဆည်များတွင်ပေါင်းလောင်း ရေပိုလွှဲ ဆည်မျိုးမရှိဘဲ လှေကားထစ်ပုံစံ ရေပိုလွှဲ တည်ဆောက်ထား၍ တစ်ထစ်လျှင် အကျယ်ပေ၃၀၀ ရှိသည့်အပြင် အမြင့်မှာ တစ်ထစ်လျှင် ပေ ၁၀၀ ရှိသော အထစ်လေးထစ်ပုံစံဖြစ်သည်။အရှေ့တောင်အာရှတွင် မည်သည့်နိုင်ငံမှ မလုပ်ခဲ့သော ဆန်းသစ်သော ပုံစံဖြစ်သည်။ မြေအောက်လိုဏ်တွင် ဓာတ်အားပေး စက်ရုံစီမံကိန်းဖြစ်၍ ဤမျှကြီးမားသော မြေအောက်ဓာတ်အားပေးစက်ရုံမျိုးမရှိသေးပါ။တပ်ဆင်သော မဂ္ဂါဝပ် ၇၀ အားစက် လေးလုံးဖြင့် မဂ္ဂါဝပ်၂၈၀ထုတ်မည်ဖြစ်သည်။

ပေါင်းလောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းမှ နှစ်စဉ်ပျမ်းမျှထုတ်လုပ်မည့်ဓာတ်အား ၉၁၁ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လွှတ်မည်ဖြစ်ပြီး ရေလှောင်တမံ၏ အောက်ဘက်ရှစ်မိုင်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် ရေလွှဲဆည်တစ်ခုတည်ဆောက်၍ ဆည်ရေသောက်ဧရိယာ ဧက ၃၅၀၀၀ ရေပေးဝေနိုင်ရန် လိုအပ်သော စူးစမ်းလေ့လာခြင်း၊ မြေဆီလွှာစမ်းသပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကျိုးပြုမည်

ပေါင်းလောင်းရေလှောင်တမံကို နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၁၆၉၆၅ သန်းခန့် အကုန်အကျခံ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကိုပါ မြန်မာနိုင်ငံ အလယ်ဗဟိုဖြစ်သော ပျဉ်းမနားမြို့မှ အထက်အောက် နိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူး အကျိုးပြုနိုင်တော့မည်ဖြစ်ပေသည်။ ။

သတင်းမှတ်စု–ကျော်စိန်
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး
(မြန်မာ့အလင်း)

ပေါင်းလောင်း ဘက်စုံစီမံကိန်းတွင် ပါဝင်သည့် လျှပ်စစ်ပိုင်းဆိုင်ရာ အဆောက်အအုံကို မတ် ၁၆ ရက်က တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပုသိမ်-သလပ်ခွာ-မော်တင် ကားလမ်းဖောက်လုပ်ရေး စီမံကိန်းစစ်ဆေး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှု

ရန်ကုန် မတ် ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မတ် ၁၉ ရက်ညနေပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ညပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက်မတ် ၂၀ ရက်နံနက်ပိုင်းက ပုသိမ်-သလပ်ခွာ-မော်တင် ကားလမ်းအတိုင်း ထွက်ခွာခဲ့ကြရာ နံနက် ၈ နာရီခွဲတွင် မိုင်တိုင် ၁၂/၆ ရှိ ပုသိမ်-သလပ်ခွာ-မော်တင် လမ်းဖောက်လုပ်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပုသိမ်ခရိုင် အင်ဂျင်နီယာမှူး ဦးမြင့်သိန်းက ပုသိမ်-မော်တင် ကားလမ်းကို ပေ ၃၀ အကျယ် လမ်းနယ်ချဲ့ထွင်ခြင်းနှင့် ချောင်းကျောက်ခင်းခြင်းတို့ ဆောင်ရွက်လျက်ရှိရာ ပုသိမ်-ငွေဆောင်လမ်းပေါ်ရှိ မိုင်တိုင် ၁၂/၀ မှ ပုသိမ်-မော်တင် ကားလမ်း မိုင်တိုင် ၆၃/၀ အထိ ၅၁ မိုင် တိုးချဲ့ ပြီးစီးမှုအခြေအနေ၊ မိုင်တိုင် ၄၀/၀ အထိ တံတားကြီး ၁၀ စင်း တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် စုစုပေါင်း ၃၁ မိုင် ချောင်းကျောက်ခင်းပြီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ မိုင်တိုင် ၂၈/၃ ၌ ကွင်းချောင်းကို ဖြတ်ကျော်တည်ဆောက်နေသည့် အရှည်ပေ ၁၂၀၊ အကျယ် ၁၆ ပေရှိ ကွင်းချောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လက်ရာသေသပ်၍ ရေရှည်ခိုင်ခံ့စေရန် တည်ဆောက်သွားရေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ၍ မိုင်တိုင် ၃၃/၀ ၌ နယ်မြေခံ တပ်မတော်သားများက အကျယ် နှစ်ပေ၊အနက်တစ်ပေရှိ လမ်းဘေးရေနုတ်မြောင်းတူးဖော်နေမှုကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပုသိမ် – သလပ်ခွာ – မော်တင်လမ်းတစ်လျှောက် တိုးချဲ့လမ်းဖောက်လုပ်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ပုသိမ်-သလပ်ခွာ-မော်တင်လမ်းကို ငရုတ်ကောင်းမြို့အပါအဝင် ဝေန်မြစ်၏ အနောက်ဘက်ခြမ်းဒေသ ဖွံ့ဖြိုးရေးကို ရည်ရွယ်၍ ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၆-၂၀၀၇ ခုနှစ်အထိ သုံးနှစ်ကာလအတွင်း ရာသီမရွေး သွားလာနိုင်သည့် ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်သွားမည် ဖြစ်သည်။ ပေ ၃၀ လမ်းချဲ့ခြင်း လုပ်ငန်းမှာ ၅၁ မိုင် ဆောင်ရွက် ပြီးစီးနေပြီဖြစ်ပြီး ချောင်းကျောက်ခင်းခြင်းမှာ ၃၁ မိုင်အထိ ပြီးစီးပြီးဖြစ်သည်။ ယခုအခါ အဆိုပါလမ်းကို အသုံးပြု၍ ပုသိမ်မှ မော်တင်စွန်းသို့ ခရီးသည်တင်ယာဉ်လိုင်းပြေးဆွဲလျက်ရှိပြီး မော်တင်စွန်း ဘုရားဖူးယာဉ်များလည်း စဉ်ဆက်မပြတ် သွားလာလျက်ရှိနေပြီ ဖြစ်သည်။

ရှင်းလင်းတင်ပြ

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ငရုတ်ကောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသစ် အစည်းအဝေးခန်းမ၌ ငရုတ်ကောင်းမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖ များအားတွေ့ဆုံရာ ငရုတ်ကောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်သူက ငရုတ်ကောင်းမြို့၏ တည်နေရာနှင့် အကျယ်အဝန်း၊ မြို့ဖွဲ့စည်းမှု၊ မြေအသုံးချမှုအခြေအနေ၊၂၀၀၄-၂၀၀၅ ခုနှစ် မိုးသီးနှံ ၁၄၀၆၇ ဧက၊ ဆောင်းသီးနှံ ၅၉၂၁ ဧကနှင့် အဓိက သီးနှံ ၁၀ မျိုး ၁၆၅၇၁ ဧက စိုက်ပျိုးနိုင်ခဲ့မှု အခြေအနေ၊ နှစ်ရှည်သီးနှံ ဖြစ်သည့် ရော်ဘာ၊ငရုတ်ကောင်း၊ သီဟိုဠ်စိုက်ပျိုးမှုအခြေအနေ၊လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနှင့် မြို့နယ်ရုံးများ ဆောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ငရုတ်ကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ဆရာ ဆရာမများအားတွေ့ဆုံ၍ လိုအပ်သည်များ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် အခြေခံပညာအထက်တန်းကျောင်း၏ မူလတန်းကြိုကျောင်းဆောင်သစ်လွှဲအပ်ပွဲသို့တက်ရောက်ရာ ရှေးဦးစွာ ကျောင်းဆောင်သစ်ကို ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်နှင့် အလှူရှင် ပုသိမ်မြို့မှ ငွေသောင်ယံဆားစက်ပိုင်ရှင် ဦးရဲမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်၌ မူကြိုရင်သွေးငယ်များပညာသင်ကြားနေမှုကိုလည်းကောင်း၊ ကျောင်းဆောင်သစ်ကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးအားပေးကြသည်။ **(အောက်ပုံ)**

မှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ငရုတ်ကောင်းမြို့ စည်ပင်သာယာရုံး အဆောက်အအုံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ငရုတ်ကောင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒရယ်ကျွန်းရှိ ပင်လယ်ကမ်းခြေသို့ သွားရောက်ကြည့်ရှုသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပင်လယ်ကမ်းခြေ၏ သဘာဝအလှအပများ မပျက်စီးစေရန် ထိန်းသိမ်းစောင့်ရှောက်သွားကြရေး တာဝန်ရှိသူများအား မှာကြားပြီး ငရုတ်ကောင်းမြို့မှ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာခဲ့ကြရာ ပုသိမ်-သလပ်ခွာ-ငွေဆောင်ကားလမ်း မိုင်တိုင် ၁၂/၀ သို့ ရောက်ရှိကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အေးရှားဝေါလ်ကုမ္ပဏီမှ စက်ယန္တရားကြီးများဖြင့် ပုသိမ်-ငွေဆောင်ကားလမ်းမိုင်တိုင် ၁၀/၀ မှ မိုင်တိုင် ၁၃/၆ အတွင်း ကတ္တရာခင်း ဆောင်ရွက် နေမှုကို ကြည့်ရှုအားပေးပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ည ၈ နာရီတွင် ချောင်းသာကမ်းခြေသို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဒေါင်အိပ်မက် ရုံသုံးရုံ အပြိုင်တင် လရောင်နမ်းတဲ့ အလွမ်းသစ်ပင် ဆက်လက်ပြသ

ရုပ်ရှင်သတင်းထောက်

ယခု သောကြာပတ်တွင် ရုံဝင်လာမည့် 'ဒေါင်အိပ်မက်' ဇာတ်ကားမှ ရန်အောင်၊ ထက်ထက်မိုးဦးနှင့် လွင်မိုး။

ရန်ကုန် မတ် ၂၃

လွန်းထားထား(ဆေးတက္ကသိုလ်)၏ ဝတ္ထုကို ရွှေသဒ္ဒါဇာတ်ညွှန်းရေးပြီး မောင်ဇေဒါရိုက်ကူးသည့် ဒေါင်အိပ်မက် ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ယခုသောကြာပတ်၌ ရုံဝင်လာမည်ဖြစ်သည်။

သဒ္ဒါမိုးဆွေဆိုသော ဘဝတက်လမ်းရှာဖွေနေသူ မိန်းကလေးတစ်ဦး၏ အချစ်ကို ဥာဏ်စင်ဆိုသော လူငယ်လေးနှင့် ဦးမိုးယံဆိုသော ဟိုတယ်လုပ်ငန်းရှင်တို့ ပိုင်ဆိုင်ခွင့်ရရန် အပြိုင်ကြိုးစားရာမှ ဖြစ်ပေါ်လာသော သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းကို အခြေခံရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ **ဒေါင်အိပ်မက်** တွင် ညွှန့်ဝင်း၊ ရန်အောင်၊ လွင်မိုးနှင့် ထက်ထက်မိုးဦးတို့ ခေါင်းဆောင်ပါဝင်ထားသည်။

ကြိုးနှစ်စ ဆက်လက်ပြသ

ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိန်းထွဋ်ရိုက်ကူးသည့် **ကြိုးနှစ်စ** ဇာတ်ကားမှာ ရွှေဆောင်နှင့် နဝဒေးရုံတွင် ဆက်လက် ပြသနေသည်။

လရောင်နမ်းတဲ့အလွမ်းသစ်ပင်

မင်းခိုက်စိုးစံ၏ ဇာတ်ညွှန်းကို စင်ရော်မောင်မောင် ရိုက်ကူးသည့် **လရောင်နမ်းတဲ့ အလွမ်းသစ်ပင်** ဇာတ်ကား မြို့လယ်မြို့ပတ်ရုံများတွင် ဆက်လက်ပြသလျက် ရှိသည်။ **လရောင်နမ်းတဲ့ အလွမ်းသစ်ပင်** ဇာတ်ကားကို ဂျပန်မင်းသားဖြင့် ဂျပန်နိုင်ငံတွင် သွားရောက်ရိုက်ကူးထားပြီး အင်္ဂလိပ်စကားပြော မြန်မာစာတန်းထိုး ပြသထားသည်။ ဖူဂျီတောင်ဟာ ဂျပန်တစ်မျိုးသားလုံးရဲ့ နှလုံးသားလို့ ပြောလို့ရသလို ဖူဂျီတောင်က နှလုံးသားဆိုရင် သွေးကြောထဲမှာ လှည့်ပတ်စီးဆင်း နေတဲ့ ဂျပန်တို့ရဲ့ ဝိညာဉ်အလှတရားဟာ ချယ်ရီပေါ့လို့ ပြောပြနေတဲ့ ဂျပန်မင်းသားလေး အိုကာတာအဖြစ် မိချိတနာဂစုက။ လရောင်ဟာ လင်းလက်တယ် ဒါပေမယ့် မပူလောင်ဘူး၊ အေးမြမှုကို ပေးတယ်၊ မြန်မာတွေရဲ့ စိတ်ဓာတ်ဟာ လရောင်လိုပဲ၊ အတ္တကင်းမဲ့တဲ့ စိတ်ဓာတ်ဟာ လရောင်လို အေးမြပါတယ်လို့ မြန်မာ့စိတ်ရင်းကို ပွင့်ပွင့်လင်းလင်း ပြောပြသူ ကြယ်စင်လင်းချို့အဖြစ် ထွန်းအိန္ဒြာဗို။ ထိခိုက်မှုဖြစ်လို့ ဒဏ်ရာရတဲ့အစိတ်အပိုင်းက သွေးထွက်တာ မှန်ပေမယ့် တကယ်နာကျင်တာက နှလုံးသားပါ။ သားသမီးဆိုတာ အစိတ်အပိုင်းပဲ၊ မိဘဆိုတာ အဲဒီ အစိတ်အပိုင်းတွေ အားလုံးကို ခံစားပေးနေတဲ့ နှလုံးသားပဲလို့ မိဘမေတ္တာကို ဖော်ကျူးသူ ဦးကျော်ဇောအဖြစ် ညွှန့်ဝင်းတို့ ပါဝင်ပေါင်းစပ်မှုဖြင့် **လရောင်နမ်းတဲ့ အလွမ်းသစ်ပင်** ကို ဖန်တီးထားသည်။

'လရောင်နမ်းတဲ့ အလွမ်းသစ်ပင်' ဇာတ်ကားမှ ဂျပန်မင်းသား မိချိတနာဂစုကနှင့် ထွန်းအိန္ဒြာဗို။

'ယောက်ဖ တော်ခါနီးရင် စဉ်းစားဖို့လိုတယ်' ဇာတ်ကားမှ ရန်အောင်နှင့် ထွန်းအိန္ဒြာဗို။

ရွှေဂုန်ရုံ မြေညီထပ်တွင် **ယောက်ဖ တော်ခါနီးရင် စဉ်းစားဖို့လိုတယ်** ဇာတ်ကားပြသနေပြီး ရွှေဂုန်ရုံအပေါ်ထပ်တွင် ကမ္ဘာကျော်မင်းသားကြီး တွမ်ခရုစ်ပါဝင်သရုပ်ဆောင်ထားသည့် Mission Impossible ဇာတ်ကား ပြသနေသည်။ မြို့မရုံတွင် စွမ်းအားရှင်မြွေဇာတ်ကား Jaani Dushman ပြသလျက်ရှိသည်။

ဥပေက္ခာအဆိပ်ရုံတင်မည်

တက္ကသိုလ် တင်မောင်လွင်၏ ဝတ္ထုကိုမြင့်သန်းအောင် ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာ အောင်အောင်ဦးရိုက်ကူးသည့် **ဥပေက္ခာအဆိပ်** ဇာတ်ကား မကြာမီရုံတင်မည်ဖြစ်သည်။ **ဥပေက္ခာအဆိပ်** တွင် ကျော်ရဲအောင်နှင့်ခိုင်သင်းကြည် (နှစ်ကိုယ်ခွဲ)တို့ ခေါင်းဆောင် ပါဝင်ထားသည်။ ။**(မြန်မာ့အလင်း)**

24-3 (12).p65 1 3/26/05, 2:46 PM

ဘုရှိုင်းဘုရင့်ဖလား (ယူ-၂၁) ဘောလုံးပြိုင်ပွဲ မြန်မာက ဗီယက်နမ်ကိုနိုင်ပြီး ဗိုလ်လုပွဲတက်

ရန်ကုန် မတ် ၂၃

၂၀၀၅ခုနှစ် ဒုတိယအကြိမ် ဘုရှိုင်းဘုရင့်ဖလား အသက်(၂၁)နှစ်အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲက ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ မြန်မာလူငယ်အသင်းနှင့် ဗီယက်နမ်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာလူငယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မြန်မာလူငယ်အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၂၂ မိနစ်တွင် ဇော်ဇော်က သွင်းယူပေးသည်။ ပထမပိုင်းအပြီးတွင် မြန်မာလူငယ်အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ မြန်မာလူငယ်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၈၄ မိနစ်တွင် မျိုးမင်းထွန်းက သွင်းယူပေးသည်။

ထိုင်းလူငယ်အနိုင်ရရှိ

ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲက ထိုင်းလူငယ်အသင်းနှင့် လာအိုလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ထိုင်းလူငယ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲ

မတ် ၂၅ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် မြန်မာလူငယ်အသင်းနှင့် ထိုင်းလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဖွဲ့စည်းပြီးမြောက်သည့်အထိမ်းအမှတ် ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပပြီး အဖွဲ့ချုပ်အမှတ်ပေးပြိုင်ပွဲနှင့် ရှုံး/ထွက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မတ် ၂၀ ရက်တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသော မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဖွဲ့စည်းပြီးမြောက်သည့် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌက အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ကျေးဇူးတင်စကား

ယင်းနောက် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်သို့ အလှူငွေထည့်ဝင်သူများကို ကြေညာပြီး မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက်အဖွဲ့ချုပ် အကြံပေး ပုဂ္ဂိုလ် ဦးကြီးမြင့်၊ ကုန်သည်ကြီးများ ဟိုတယ်နှင့် ဝန်ကြီးတို့အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းက ပေးအပ်ပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ခရစ်ကက်ရာသီ အမှတ်ပေးပတ်လည် ခရစ်ကက်ပြိုင်ပွဲနှင့် ရှုံး/ထွက် ပြိုင်ပွဲတို့၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် သုဝဏ္ဏဘောလုံး လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ကျင်းပရာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး ဒေါ်ဆွေဇင်ထိုက်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲ

ရှေးဦးစွာ ရှုံး/ထွက်ပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ကျင်းပပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက် ကျင်းပသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်းက အမှာစကား ပြောကြားသည်။

အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုကို Trader's (X 1) အသင်းက ရရှိပြီး ဒုတိယဆုကို Myanmar Variv Sporting Club(A) အသင်းက ရရှိသွားသည်။

ရှုံး/ထွက် ပြိုင်ပွဲတွင် Myanmar Variv Sporting Club(A)အသင်းက ပထမရရှိပြီး Trader's(X1) အသင်းက ဒုတိယရရှိသွားသည်။

ပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့် တာဝန်ရှိသူတို့က ဆုများကို အလှည့်ကျ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘာစီလိုနာအသင်း ဒီပို့တီဗိုကို ကပ်၍နိုင် ရီးရဲမက်ဒရစ်၊ ဗလင်စီယာ၊ ဘီလ်ဘာအို နိုင်ပွဲများရရှိ

ကမ္ဘာတစ်လွှား အားကစား

ရီးရဲမက်ဒရစ် မတ် ၂၃

ပရီမီယာလီဂါ ဘောလုံးပြိုင်ပွဲများကို တနင်္ဂနွေနေ့က ကျင်းပခဲ့ရာ ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်၊ ဘီလ်ဘာအို၊ ဆီဗီလာ၊ ရေစင်းဆန်တင်ဒါ၊ ရီးရဲဘက်တစ်အသင်းများ အနိုင်ရခဲ့သည်။

ဒီပို့တီဗို ၀-၁ ဘာစီလိုနာ

ဒီပို့တီဗိုနှင့် ဘာစီလိုနာအသင်းတို့ယှဉ်ပြိုင်ကစားကြရာတွင် ဘာစီလိုနာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

ဘာစီလိုနာ အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ကိုးမိနစ်တွင် ရော်နယ်ဒင်ဟိုအား ဒီပို့တီဗိုကစားသမား ဆာဂျီယိုဂွန်ဇာလက်က ဂိုးဧရိယာအနီးတွင် လူချကစားသဖြင့် ဘာစီလိုနာတို့ အလွတ်တည်ဘော ကန်သွင်းရသည်။ ယင်းဘောလုံးကို ဘာစီလိုနာမှ မာကွတ်ဇ် ကန်သွင်းရာ ဂူစတာဗိုမွန်ချူရာက ဖျက်ထုတ်သည့်ဘောလုံးကို ဘာစီလိုနာမှ လူဒိုဗစ်က ကန်သွင်းရာမှ ဂိုးရရှိသွားသည်။

ဘာစီလိုနာအသင်းသည် ယင်းပွဲ အနိုင်ရခဲ့သဖြင့် ကျန်အသင်းများကို ၁၁ မှတ်အကွာ ချန်ထားခဲ့ပြီးဖြစ်သည်။

ရီးရဲမက်ဒရစ် ၁-၀ မာလာဂါ

ပရီမီယာလီဂါ ဒုတိယနေရာရောက် ရီးရဲမက်ဒရစ် အသင်းက မာလာဂါအသင်းကို အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ကပ်၍နိုင်ပြီး သုံးမှတ်ရရှိသွားသည်။

ရီးရဲမက်ဒရစ် အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၆၁ မိနစ်တွင် ရောဘတ်တိုကားလော့စ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးမှာ ကားလော့စ်က မီတာ ၂၀ အကွာမှ မြေလိမ့်ဘောကို အရှိန်ပြင်းစွာ ကန်သွင်းရာမှ ဂိုးထောင့်ထဲသို့ဝင်သွားခဲ့ခြင်းဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းနှင့် မာလာဂါအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ပြင်သစ်ကစားသမား ဇီနက်ဒင်းဇီဒန်း(ဝဲအစွန်)၏ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

ဗလင်စီယာ ၃-၁ဂီတာဖေးလ်

ဗလင်စီယာအသင်းသည် ရီးရဲမက်ဒရစ်နှင့် ဘီလ်ဘာအိုအသင်းများကို အနိုင်ရခဲ့သည့် ဂီတာဖေးလ်အသင်းကို ခြေစွမ်းပြကစားပြီးသုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗလင်စီယာအသင်းအတွက်အနိုင်ဂိုးများကို ၃၁၊ ၃၆၊ ၆၃ မိနစ်တို့တွင် ရူဖက်တီ၊ ဒီဗိုင်ယို၊ မစ္စတာတို့က အသီးသီးသွင်းပေးခဲ့ကြသည်။ဗလင်စီယာအသင်းသည် ယင်းပွဲနိုင်လိုက်၍ ၄၆ မှတ်ဖြင့် ပဉ္စမနေရာသို့ ရောက်ရှိလာသည်။

ရီးရဲဘက်တစ်၂-၁အယ်ဘာစီးတီး

တတိယနေရာရောက် ရီးရဲဘက်တစ်အသင်းက အောက်တန်းရောက် အယ်ဘာစီးတီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

ဒီပို့တီဗိုနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဒီပို့တီဗို အသင်းမှ အာဂျင်တီးနားကစားသမား လိုင်ယွန်နယ်စကယ်လိုနီယာ (ယာအစွန်)၏ ထိုးဖောက် ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရီးရဲဘက်တစ်အသင်းအတွက် အနိုင်ဂိုးများကို ရီဗက်က ၁၇မိနစ်တွင်လည်းကောင်း၊ အက်ခ်ဆန်ကာအိုက ၅၉မိနစ်တွင်လည်းကောင်း သွင်းပေးခဲ့ကြသည်။ရီးရဲဘက်တစ်အသင်းသည် ယင်းပွဲနိုင်ခဲ့သဖြင့် ၄၈ မှတ် ရရှိထားပြီဖြစ်သည်။

မာလော့ကာ ၀-၁ ဆီဗီလာ

မာလော့ကာအသင်းနှင့် ဆီဗီလာအသင်းတို့ယှဉ်ပြိုင်ကြရာတွင် ပထမပိုင်းပွဲပြီးခါနီးတွင် ဆီဗီလာ တိုက်စစ်မှူး ဘက်တစ္စတာက သွင်းယူသွားခြင်းဖြစ်သည်။ ယင်းဂိုးမှာ ယခုနှစ်ဘောလုံးရာသီတွင် သူ၏ ၁၄ဂိုးမြောက် ဂိုးဖြစ်သည်။ ဆီဗီလာအသင်းသည် ယင်းပွဲ အနိုင်ရခဲ့သဖြင့် ဗလင်စီယာနှင့်အတူ ၄၆မှတ်စီဖြင့် ပဉ္စမနေရာတွင် ရောက်နေသည်။

ဘီလ်ဘာအို ၃-၁ လီဗန်တေး

အက်သလက်တစ်ဘီလ်ဘာအိုအသင်းသည် လီဗန်တေး အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ကစားပြီး သုံးမှတ်ကို ထိုက်တန်စွာ အရယူသွားခဲ့သည်။

ဘီလ်ဘာအိုတို့ အနိုင်ရခဲ့သဖြင့် ဥရောပတွင် ယုံကြည်မှုတိုးပွားစေခဲ့သည်။ ဘီလ်ဘာအိုအသင်းအတွက် ဖွင့်ဆော်ဦးဂိုးကို အသက်၁၉နှစ်အရွယ်ရှိ တိုက်စစ်မှူးဖာနန်ဒိုက သွင်းပေးခဲ့သည်။ ၎င်းဂိုးမှာ သူ၏ ပထမဆုံးသော ခေါင်းတိုက်ဂိုး ဖြစ်သည်။ ဒုတိယမြောက်ဂိုးကို ၎င်းက ပင် ၅၂မိနစ်တွင် ဂိုးဧရိယာ အစပ်မှ ကန်သွင်းသွားခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းခုတ်ထပ်ဆင့်လွှင့်စက်ရုံ ရုပ်သံအစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် မတ် ၂၃

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခုတ်တွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မတ် ၁၅ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား ၁၀ ဝပ် လိုင်းနံပါတ် ၆ ဖြင့် မတ် ၁၆ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်၊အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ထား

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ယဉ်ကျေးမှု သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂၃

မွန်ပြည်နယ် မုဒုံမြို့နယ် ဖားအောက်ဂိုးနိုင် သာယာကုန်းတာပသွန်း မဟာစည်သာသနာ့ရိပ်သာ ထေရဝါဒ သာသနာ့နွယ်ဝင် မျိုးဆက်သစ်များ ပေါ်ထွန်းဖြစ်ပေါ်လာစေရန် ရည်စိတ်သန်လျက် နွေရာသီကျောင်းပိတ်ရက်တွင် နှစ်စဉ်ကျင်းပမြဲ ဖြစ်သော ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းနှင့် ဒုလ္လဘရဟန်းခံ၊ ရှင်ပြု၊ သိက္ခာထပ်မင်္ဂလာပွဲကို ဧပြီ ၂ရက်(စနေနေ့) ညနေတွင် ဆံချပရိတ်တရားယူ၍ ဧပြီ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် သိမ်ဆင်းဆွမ်းခြောက် လောင်းလှူမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ကူမင်းကုန်စည်ပြပွဲများသို့သွားရောက်ပြသမည်

ရန်ကုန် မတ် ၂၃

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ၂၀၀၅ခုနှစ် မေ ၉ရက်မှ ၁၁ရက်အထိကျင်းပမည့် International Trade Fair "The Colombo Show 2005" ပြပွဲနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် ၂၀၀၅ခုနှစ် ဇွန်၆ရက်မှ ၁၀ရက်အထိ ကျင်းပမည့် "Kumming Trade Fair 2005"ပြပွဲများတွင်ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှဦးဆောင်၍ မြန်မာ့ထုတ်ကုန်များကို သွားရောက်ခင်းကျင်းပြသမည်ဖြစ်သည်။

ဖော်ပြပါ နိုင်ငံခြားကုန်စည်ပြပွဲနှစ်ခုသို့ သွားရောက်ပြသလိုသော စီးပွားရေးလုပ်ငန်းရှင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဖုန်း-၃၈၁၂၈၄၊ ၃၈၁၂၈၅၊ ၂၄၆၄၉၅သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၂၃

Total Personal and Professional Development Programme ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ကျန်းမာရေးပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ သထုံလမ်း ဆေးတက္ကသိုလ်(၁) စာသင်ဆောင် ခန်းမ၌ကျင်းပသည်။

ဟောပြောပွဲတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာမြင့်အောင်က အမှာစကားပြောကြားပြီး အမျိုးသားသွေးဌာနတာဝန်ခံဆရာဝန်ကြီးဒေါက်တာသီတာအောင်က သွေးလှူဒါန်းရခြင်းအကျိုး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန ဗဟိုကျန်းမာရေးပညာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်က လူငယ်များ AIDS သတိထား ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၄ရက်က လှိုင်သာယာမြို့နယ် အောင်မြေသာယာ ရွှေစေတီတော်မြတ်ကြီး၏ (၁၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကျင်းပရာမြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် ပင့်သံဃာ အရှင်သူမြတ်များ ဆွမ်းဆန်စိမ်းလောင်းလှူ အပူဇော်ခံ ထွက်ကြစဉ်။

(၁၈၀)

မြန်မာသမိုင်းအဖွဲ့ ရွှေရတု အထိမ်းအမှတ်စာအုပ်များထုတ်ဝေ

ရန်ကုန် မတ် ၂၃

မြန်မာသမိုင်းအဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အဖြစ် မြန်မာသမိုင်းအဖွဲ့ဝင် ပညာရှင်ကြီးများ ပြုစုသော မြန်မာသမိုင်းဆိုင်ရာ သုတေသနစာတမ်းများကို ယနေ့အထိ အင်္ဂလိပ်ဘာသာဖြင့် ၁၅အုပ်၊ မြန်မာဘာသာဖြင့် ခြောက်အုပ် စုစုပေါင်း ၂၁အုပ် ပုံနှိပ်ထုတ်ဝေပြီးဖြစ်ကြောင်းနှင့် အုပ်ရေ ၅၀ပြည့်သည်အထိ ဆက်လက် ပုံနှိပ်ထုတ်ဝေသွားမည်ဖြစ် ကြောင်း သိရသည်။

ဆက်သွယ်ဝယ်ယူနိုင်

လေ့လာဖတ်ရှုလိုသူများ၊ ရောင်းချလိုသူများအနေဖြင့် တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန အမရဆောင် ကမာရွတ် ဖုန်း-၅၂၆၄၀၁၊ ၅၃၆၄၁၇ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေး အန္တရာယ် အစဉ်သတိပြု ကာကွယ်

နှစ်(၆၀)ပြည့် တပ်မတော်နေ့အတွက် ကိုယ်တွေ့မှတ်တမ်းတစ်ခု

မြမာလာ

မတ်လ ၂၇ရက်နေ့၊ ဤနေ့ဤရက်သည် ကျွန်မဘဝတစ်သက်တာမှာ မမေ့နိုင်သောနေ့ ဖြစ်ပါသည်။ ကျွန်မကိုယ်တွေ့ ဖြတ်သန်းလာရသည့် တပ်မတော်၏ ကဏ္ဍအစိတ်အပိုင်းလေးကို ချစ်စွာသော စစ်သူနာပြုအရာရှိများနှင့် သူနာပြုအရာခံအကြပ်တပ်သားများအား ပြောပြလိုပါသည်။

မိုးကောင်းမြို့မှ တစ်ဆင့် ပင်ဘောရှိ မိန်းခွမ်းစစ်ဆေးဒုက္ခသည်စခန်းသို့ ရောက်ရှိခဲ့ပြီး မကြာမီ ၎င်းတို့နှင့်အတူ လှည်းအစီး ၈၀ ခန့်ဖြင့် ထွက်ခဲ့ရာ ကျွန်မသည် တောတောင်နှင့် မိတ်ဆွေဖြစ်ပြီး တစ်တောဝင်တစ်တောင်တက် ခြေကျင်တစ်လှည့် လှည်းတစ်လှည့် ကြမ်းတမ်းသောလမ်း ခရီးရှည်ကြီးနှင်ခဲ့ရာ တဖြည်းဖြည်းနှင့် အင်းတော်သို့ရောက်ခဲ့ပါပြီ။ အင်းတော်ရောက်သောအခါ လမ်းခရီးတွင် ဖျားနာသူ၊ သေဆုံးသူ၊ မလိုက်နိုင်သူများကြောင့် လှည်းလေးစီး၊ ငါးစီးနှင့် လူအနည်းငယ်သာ ကျန်ရှိပါတော့သည်။

အင်းတော်နန်းကင်နှင့် မနီးမဝေးတွင် အလွန်ထူထပ်သော ဝါးရုံတောကြီး ရှိပါသည်။ ဗုံးနှင့် စက်သေနတ်ဒဏ်မှကင်းဝေးစေရန် လူအများ ထိုနေရာသို့ နေ့စဉ် သွားရောက်တိမ်းရှောင်နေကြပါသည်။ ဗုံးကျင်းထဲ မကြာခဏ ပုန်းရသည်ကို ငြီးငွေ့နေပြီဖြစ်သော ကျွန်မသည် နွားကိုဝေးရာသို့ လွှတ်ထားပြီး လှည်းအလွတ်ပေါ်တွင် လဲလျောင်းလျက် ခေတ္တမျှ အိပ်ပျော်သွားသလို ဖြစ်နေချိန်တွင် ရုတ်တရက်မည်သူက ဆွဲခေါ်သွားသည်မသိဘဲ ဗုံးကျင်းထဲ အရောက်တွင် ဗုံးကျလာသည်နှင့် ကြုံတွေ့ရပြီး ကျွန်မနှင့်ကပ်လျက် ပါလာသော ကာမိုင်းမှ ကံခေသူ မမြစိန်မှာ ဗုံးဆန်ထိမှန်ပြီး ကွယ်လွန်ခဲ့ရှာပါသည်။ ကျွန်မမှာ သေကံမရောက်သက်မပျောက်ခဲ့ပါ။

အင်းတော်တစ်ဖက်ကမ်းရှိ နန်းကင်ရွာ၌ ဗမာ့ကာကွယ်ရေးတပ်မတော်ဆေးရုံမှ ဆေးမှူးဗိုလ်အောင်ညိန်း(ကွယ်လွန်)၊ သူနာပြုရဲဘော်တချို့နှင့် အတူ ကျွန်မပါဝင်ကူညီဆောင်ရွက်ခဲ့ပါသည်။ ဗုံးတွေက တဝုန်းဝုန်းတဖြုန်းဖြုန်း မရပ်မနားချသဖြင့် ထမင်းစားရန် သတိမရဘဲ အသက်ကို ဖက်နှင့်ထုပ်ထားရတော့မလို ဖြစ်ခဲ့သည်။ တစ်ခါတစ်ရံ ရေခါးလယ်ခန့်ရှိ ချောင်းကိုဖြတ်ပြီး တစ်ဖက်ကမ်းရှိ ဆေးရုံသို့လူနာပို့ရာရေလယ်အရောက် လေယာဉ်မှဗုံးလာအချနှင့် ကြုံခဲ့သဖြင့် မျက်စိကိုမှိတ်၊ နားကိုပိတ်လျက်သာ ဘုရားတနေခဲ့ရပါသည်။ လေယာဉ်ဝေးရာသို့ ရောက်မှ စိတ်မောကိုယ်မောနှင့် သက်ပြင်းကြီးချမိပါသည်။ ကျွန်မဘဝမှာ သူတစ်ပါးအတွက် အသက်ရှင်နေခြင်း ဖြစ်သည်။

အင်းတော်မှတစ်ဆင့် မဲဇာရောက်သောအခါ လက်ဝဲသုန္ဒရအမတ်ကြီး၏ မဲဇာတောင်ခြေရတုကို သတိရမိသည်။ သည်တော၊ သည်တောင်၊ သည်မှာပြင်းထန်သော မိုးဒဏ်ကိုခံစားနေရပါသည်။ ကျွန်မ၏ နေ့စဉ်မှတ်တမ်းစာအုပ်ငယ်လည်း မိုးဒဏ်ကြောင့် ပျက်စီးခြင်းဘဝသို့ ရောက်သွားပါသည်။

မဲဇာစခန်းတွင် သစ်ခက်သစ်ရွက်ကလေးတွေမိုးလျက် မြေပေါ်တွင် ဝါးလုံးကလေးတွေ စီပြီးခင်းထားသော်လည်း စွတ်စိုသောမိုးရေဒဏ်မခံနိုင်သဖြင့် ညတွင် ငုတ်တုတ်အိပ်ခဲ့ရပါသည်။ ခရီးဆက်ရန်အတွက် ထွက်ပေါ်လာမည့် ရထားကို နေ့စဉ်ရက်ဆက် ညအချိန်မျှော်ရသည်မှာ မောလှပါပြီ။ မျှော်သာမျှော်ရထားကား ပေါ်မလာ။

နေ့အချိန်မှာလည်း လေယာဉ်ဗုံးဘေး၊ စက်သေနတ်ဘေးမှ ကင်းဝေးရန် ဤနေရာမှ ဝေးကွာသည့် တောတောင်ကြားတွင်ဝင်နေရပြီး ဝမ်းရေးအတွက်ကတော့ ရရာသစ်သီးသစ်ဥများသာ ဖြစ်သလို စားရသည်။ မဲဇာရောက်တော့ သေဆုံးသူများအတွက် ဝမ်းနည်းကြေကွဲမိသည်။ ရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့် ကျွန်မမှာ မသေမပျောက်ဘဲ တစ်ညသောအခါ စက်သေနတ်အပေါက်များစွာဖြင့် ဖွာရာကျဲနေသော ကုန်ရထားကို စီးခွင့်ရခဲ့ရာ ထွက်စကတည်းက ပျင်းရိငြီးငွေ့ဖွယ်ရာ၊ တစ်ခါတစ်ရံ ထိတ်လန့်ကြောက်မက်ဖွယ်ရာဖြင့် ခုတ်တစ်ချက်၊ မခုတ်တစ်ချက် တလှုပ်လှုပ်နှင့် ကောလင်းမြို့သို့ ရောက်ခဲ့သည်။

ကောလင်းရောက်သောနေ့တွင် တောင်ပေါ်ရွာဘက်သို့ လှည်းဖြင့် ခရီးဆက်ရပါသည်။ တောင်ပေါ်ရွာရှိ တိရစ္ဆာန်ဆေးကုဆရာဝန်(အမည်မေ့နေ) ဇနီးမောင်နှံအိမ်တွင် ကျွန်မနေရပါသည်။ ကောလင်းမြို့သူမြို့သားများမှာ ရွာသို့ တိမ်းရှောင်သွားသူများရှိသလို အတင့်ရဲပြီး မြို့ထဲတွင်နေကြသူတချို့လည်း ရှိနေသည်။

တစ်နေ့တွင် တိရစ္ဆာန်ဆရာဝန်ကတော်က မစင်တွင်းကြီးတစ်တွင်းကို ပြလျက် ၎င်းတွင်းထဲတွင် အိုးနှင့် ရွှေငွေရတနာပစ္စည်းများ မြှုပ်ထားကြောင်း၊ ၎င်းတို့နှင့်အတူ နေထိုင်ပါဟု အတန်တန်တားသော်လည်း တစ်လကျော်ခန့် နေထိုင်ပြီး ရှေ့ခရီးဆက်ခဲ့ရသည်။

ပဲခူးမြို့သို့ ရောက်သောအခါ ရွှေအောင်ရိုးလမ်း ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသော တပ်မတော်စံပြဆေးရုံ၌ ဆေးမှူး ဗိုလ်လှဘော်(ကွယ်လွန်)၊ ဗိုလ်ယုတ်ထရံ(ဗိုလ်မှူးယုတ်ထရံ–ကွယ်လွန်)၊ ဗိုလ်လှသမိန် (ပညာရေးနှင့် ကျန်းမာရေးဝန်ကြီး ဗိုလ်မှူးကြီးလှဟန်–အငြိမ်းစား)၊ သူနာပြုဆရာမကြီး ဒေါ်ကျင်စိန်(ကွယ်လွန်)၊ ဆရာမကြီး ဒေါ်သန်းရှင်နှင့် ကျွန်မအပါအဝင် ဆရာမကလေးငါးယောက်နှင့် သူနာပြုရဲဘော်များသည် ကိုယ်တိုင်စိတ်အားထက်သန်စွာ တာဝန်ကိုယ်စီ ထမ်းဆောင်ကြသည်။ ထိုအချိန်တွင် ဝဲအလွန်ပေါက်သဖြင့် ဝဲနာသည် လူနာများအား ဆေးဝါးလိမ်းပြီး ငှက်ပျောခင်းနှင့်ထားရသည်။

အင်းတော်မဲဇာမှ ပါလာသော ငှက်ဖျားရောဂါကြောင့် ကျွန်မ မကျန်းမမာ ဖြစ်ပြီးနောက် သတိမရဘဲ မျောနေခဲ့သည်။ သတိရလာသောအခါ ကျွန်မ၏ မိခင်အား တမ်းတမိသည်။ ကျွန်မအားယူပြီး မျက်စိဖွင့်ကြည့်သောအခါ ဝိုးတိုးဝါးတား ဖယောင်းတိုင်အလင်းရောင်ကြောင့် ကျွန်မအနားတွင် ငိုနေသော မိခင်၊ အစ်မနှင့် သီလရှင်များကို တွေ့ရသည်။ ကျွန်မမှာ ထိုအခါက သေကံမရောက် သက်မပျောက်ခဲ့ပါ။ ဂျပန်ခေတ် မိုးကောင်းမြို့ မန်းဦးတောင်တွင် အမျိုးသမီးသူနာပြုတပ်ဖွဲ့၏ ခေါင်းဆောင်တာဝန်ကို ထမ်းဆောင်ခဲ့စဉ်က (ယခင် မိုးကောင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခေါင်းဆောင်–ဒေါ်စောကြည်)နှင့် စက်ဘီးဖြင့် မိုးကောင်းမြို့ တစ်ဖက်ကမ်းကျွန်းတောအတွင်းရှိ မိဘများထံသွားရာ လမ်းခရီးတွင် ကျွန်မ၏စက်ဘီးဘီးပေါက်သဖြင့် ရပ်နားနေစဉ် ကျားကြီးတစ်ကောင် တောထဲမှထွက်လာကာ ကျွန်မတို့ရှေ့နားရောက်လာပြီးမှ ရန်မမူဘဲ တောထဲသို့ ပြန်ဝင်သွားသောအတိတ်ကဖြစ်ရပ်ကို မြင်ယောင်သတိရမိခြင်း ဖြစ်သည်။

တစ်နေ့တစ်နေ့ တရွေ့ရွေ့နှင့် ဖက်ဆစ်တော်လှန်ရေးနေ့ ရောက်ခါနီးပါပြီ။ ရွက်ဟောင်းတွေကြွေကျမြေခလို့ ရွက်သစ်တွေလည်း ဝေခဲ့ပါပြီ။ တိတ်ဆိတ်နေသော ဗမာ့တပ်မတော်ဆေးရုံ ပတ်ဝန်းကျင်ရှိ ပင်မြင့်ထက်ဆီမှ ဥဩငှက်ကလေးများ၏ ဆိုညည်းသံများသည် **“မြန်မာ့သတ္တိ ကမ္ဘာက သိအောင် ငါတို့ပြရမည်”**ဟု ဆိုနေသယောင် ကြားမိပါသည်။ နံနက် ၆ နာရီခွဲ၌ တပ်မတော်စံပြဆေးရုံသို့ ကျွန်မရောက်သောအခါ လူနာအချို့အား ဆေးရုံအပြင်ဘက်တွင် တွေ့ရှိရပါသည်။ ဆေးရုံကို ဖက်ဆစ်များက စောင့်ကြည့်နေကြသည်။ မထနိုင်သော လူနာများ ဆေးရုံအတွင်း ရှိမရှိသိရန်အတွက် ဆေးရုံအတွင်းသို့ ဝင်ရန်ကြိုးစားသော်လည်း ဝင်ခွင့်မရဘဲ ကျွန်မအား မေးမြန်းစစ်ဆေးပါသည်။ **“ဘူး တစ်လုံးဆောင် အိုတောင်မဆင်းရဲ”** ဟူသော စကားကိုသတိထား၍ ဖြေဆိုခဲ့ပါသည်။ တွေ့ရှိသော လူနာများအား ရွှေမော်ဓော ဘုရား (သနပ်ပင်လမ်း)ရှိ ဒေါ်ဥတ္တရာဇရပ်တွင်းသို့ ခေါ်ဆောင်သွားပြီး အပ်ထားပေးခဲ့သည်။

ဖက်ဆစ်များက တစ်နေ့ထက်တစ်နေ့ တိုး၍ ရွှေမော်ဓောဘုရားနှင့် ဘုရားတစ်ဝိုက်ရှိ ကျောင်း၊ ဇရပ်များကို ပိုက်စိပ်တိုက်ကာ ရဲဘော်များအား လိုက်လံရှာဖွေနေပါသည်။ ဖက်ဆစ်တို့၏ ရန်ဘေးမှ ကင်းဝေးစေရန် နှစ်ယောက်တစ်တွဲဖြင့် သင့်ရာခရီးသို့ ရွာမှအိုးလာရောင်းသော ကြုံရာလှည်းနှင့် ထည့်၍ စေလွှတ်ပေးခဲ့ပါသည်။ နောက်ဆုံးနေ့တွင် ကျွန်မသည် ခြောက်သွေ့နေသော ပဲခူးမြို့ကို စွန့်ခွာ၍ တံခွန်တိုင်ရွာသို့ လှေဖြင့်ထွက်ခွာခဲ့သည်။ တံခွန်တိုင် ဘုန်းတော်ကြီးကျောင်းတွင် ရွာသူကြီး အကူအညီဖြင့် မြန်မာဆေးဆရာနှင့်အတူ တပ်ဖျောက်ခါနီး တပ်မတော်ဆေးရုံမှ ပေးလိုက်သော ဆေးအပြည့်အစုံဖြင့် ဆေးခန်းဖွင့်၍ လူနာများကို ပြုစုပေးခဲ့ရသည်။

ညနေခင်း ရွာပြင်ထွက် ရေခပ်ချိန်၌ ပတ်ဝန်းကျင်ရှိ ရွာများတွင် ဒဏ်ရာရ လူနာများရှိသော သတင်းစကားကြားသိရသောအခါ ထိုရွာများသို့ လိုက်လံပြုစုပေးခဲ့ရပါသည်။ ရေခပ်ရာမှ ရေအိုးမရွက်တတ်သောကြောင့် မကြာခဏ ရေအိုးကွဲသည်ကို ကြုံခဲ့သော်လည်း အိမ်ရှင်က ရေအိုးဖိုး အလျော် မတောင်းဘဲ ခွင့်လွှတ်ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးကာလ၌ ရွာသူရွာသားများ၏ မေတ္တာစေတနာကား တန်ဖိုးမဖြတ်နိုင်ပါ။ အစစအရာရာ ကူညီစောင့်ရှောက် ဆောင်ရွက်ပေးကြသဖြင့် မတ်လရောက်တိုင်း ရွာသူရွာသားများ၏ ကျေးဇူးကို အမြဲသတိရနေမိပါသည်။ တစ်နေ့တွင် ဆက်သားရဲဘော်ကလေး တစ်ယောက် ကျွန်မထံ ရောက်လာသည်။ ဆေးမှူး ဗိုလ်ယုတ်ထရံထံမှ လွှတ်လိုက်သော ဆက်သားဖြစ်ပါသည်။ ၎င်းရဲဘော်ကလေးနှင့်အတူ ကျွန်မလိုက်ပါ၍ ရွှေအောင်ရိုးတောင်ကုန်းပေါ်ရှိ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်ထားသည့် တပ်မတော်ဆေးရုံသို့ သတင်းပို့ပြီး ကျွန်မ တာဝန်ဆက်လက်ထမ်းဆောင်ပါသည်။ ဗိုလ်ယုတ်ထရံ မိသားစုက ကျွန်မအား ကျွေးမွေးစောင့်ရှောက် ထားကြသည်။

ညအချိန် မှောင်နှင့်မည်းမည်း ကြောက်လန့်ဖွယ်ရာ ခွေးအူသံရှည်ကြီး ကြားနေရပါသည်။ တပ်မတော်ဆေးရုံရှိသည့် တောင်ကုန်းကို ဖက်ဆစ်တွေ ဝိုင်းမည်ဟူသော ပူပင်စရာသတင်းများကို ကြားရသော်လည်း စိတ်အား ငယ်စရာ အချိန်မရပါ။ ဆေးရုံတစ်ရုံလုံးတွင် လက်ဆွဲမှန်အိမ်ငယ်ကလေး နှစ်လုံးသာရှိသဖြင့် ကျွန်မမှာ ဘုန်းတော်ကြီးကျောင်းနှင့် ဇရပ်သို့ မီးအိမ်ကလေးတစ်လုံးကို အဖော်ပြုကာ လူနာများအား လှည့်လည်ကြည့်ရှု ပြုစုရသည်။

ကျောက်ကြီးပေါက်သော ရဲဘော်ချစ်စိန်အား ဆေးရုံနှင့် မနီးမဝေးတွင် ဝါးတဲငယ်ကလေးတစ်လုံးဖြင့် ထားခဲ့ရရာ **“တစ်ယောက်ထဲနော်၊ ချောက်ထဲမှာ တအော်အော်နဲ့၊ ခေါ်စရာ ဖော်မရှိတယ် ကယ်မည့်သူဝေး”** ဟူသော သီချင်းသံကို ကြားနေရပါသည်။ ဆေးရုံတွင် ဆေးမှူး၊ ဆရာဝန်၊ ဆရာမ သူနာပြုရဲဘော်များမှ တစ်ပါး အားကိုး အားထားရာ မရှိသော လူနာရဲဘော်များသည် မိဘ၊ မောင်နှမ၊ ဆွေမျိုး၊ မိတ်ဆွေများအား လွမ်းဆွတ်တမ်းတသော သီချင်းသံအဖြစ် ကြားယောင်နေမိသည်မှာ ကြေကွဲစရာကောင်းလှသည်။

ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲတွင် ကျဆုံးသော ရဲဘော်များ၏ အရိုးအိုးငယ်ကလေးများလည်း ဆေးရုံသို့ တဖွဲဖွဲရောက်ရှိလာရာ ထိုအရိုးအိုးများကို ကြည့်လျက် “ရဲဘော်တို့၊ သင်တို့အတွက် ဝမ်းနည်းကြေကွဲစရာမဟုတ်၊ တိုင်းပြည်အတွက် ရောက်ရာဘဝမှာ ဂုဏ်ယူပါ”ဟု ရင်ထဲမှ တိုးတိုးရေရွတ်မိသည်။

မကြာမီ ဖက်ဆစ်တွေလက်နက်ချပြီး စစ်ကြီးကား ပြီးဆုံးသွားခဲ့ပါပြီ။ ကျွန်မဝမ်းသာလွန်းလို့ မျက်ရည်လည်မိပါသည်။ ကျွန်မအနေဖြင့် ဖက်ဆစ်တော်လှန်ရေးတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေဖြင့် တပ်မတော်တိုင်း(၄) ဆေးတပ်ဖွဲ့တွင် ပါဝင်ဆောင်ရွက်ခွင့်ရသဖြင့် တွေးမိတိုင်း ဝမ်းမြောက်ကြည်နူးမိသည်။

သြော်––တပ်မတော်နှင့်ပြည်သူ လက်တွဲဆင်နွှဲခဲ့သည့် ဖက်ဆစ်တော်လှန်ရေးကာလ နှစ်(၆၀)ပြည့်ခဲ့ပြီ တကား။ ကျဆုံးလေပြီးသော ရဲဘော်များအား အမှတ်တရ ဂုဏ်ပြုလိုက်ပါသည်။

“ရှေးကနှင့်မတူ၊ တစ်မူထူးခြား
မြန်မာပြည်ကြီးကား၊ ကျောင်းကန်ဘုရား
လမ်းတံတားနှင့်၊ မိုးထိမြင့်မား
တိုက်တာများဖြင့်၊ စိမ်းလန်းစိုပြည်
ရွှေသီးမြေကြီး ဖြစ်ခဲ့ပြီ။
ပြည်ထောင်စုဖွား၊ တိုင်းရင်းသားများနှင့်
ကျေးသားရင်သား၊ မခွဲခြားဘဲ
လက်တွဲညီစွာ၊ ဆောင်ရွက်လာသော
နောင်တော်ညီတော်၊ ရဲဘော်များအား
ကဗျာများဖြင့်၊
ချီးမြှင့်ကြိုဆို ဂုဏ်ပြုလိုက်ပါသည်”။ ။

ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲတွင် ကျဆုံးသော ရဲဘော်များ၏ အရိုးအိုးငယ်ကလေးများလည်း ဆေးရုံသို့ တဖွဲဖွဲရောက်ရှိလာရာ ထိုအရိုးအိုးများကို ကြည့်လျက် “ရဲဘော်တို့၊ သင်တို့အတွက် ဝမ်းနည်းကြေကွဲစရာမဟုတ်၊ တိုင်းပြည်အတွက် ရောက်ရာဘဝမှာ ဂုဏ်ယူပါ”ဟု ရင်ထဲမှ တိုးတိုးရေရွတ်မိပါသည်။

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် ဟောပြောပွဲကို မတ် ၈ ရက်က သာယာဝတီမြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ သာယာဝတီခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းမာနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စုစုထွန်းတို့က မြို့နယ်အတွင်းရှိ ချို့တဲ့ကိုယ်ဝန်ဆောင်မိခင်များအား ဆေးဝါးများပေးအပ်လှူဒါန်းစဉ်။ (ခရိုင် ပြန်/ဆက်)

ညောင်လေးပင်မြို့နယ် ပိန်း ဇလုပ်မြို့ မြောက်ပိုင်း ရပ်ကွက် အခြေခံပညာ မူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်ရန်ငြိမ်းကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်မြင့်က ဆုချီးမြှင့်စဉ်။

(၄၅၂)

ကွင်းဆင်း စစ်ဆေး

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမောင်တို့ မတ်၃ရက်က သူဌေးကွင်း ကျေးရွာ ဦးစန်းရီ၏ ကျေးလက်အိမ်ရာ တည်ဆောက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးကြစဉ်။

(က–ပ)

ထားဝယ်မြို့နယ်တွင် နွေစပါးစံကွက် ရိတ်သိမ်း
တစ်ဧက တင်း ၁၂၀နှုန်း ထွက်ရှိ

ထားဝယ် မတ် ၅

ထားဝယ်မြို့နယ် ဇဟာကျေးရွာတွင် နွေစပါးစံကွက်ရိတ်သိမ်းခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်၈နာရီက တောင်သူဦးစံထွန်း၏လယ်တွင် ကျင်းပသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ထားဝယ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ထားဝယ်မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုက လိုအပ်သည်များမှာကြားပြီး တောင်သူဦးစံထွန်း၏ ၂ဒသမ ၂၈ဧကရှိ သီးထပ်ရင် စံကွက်အား စုပေါင်းရိတ်သိမ်းခြင်းကို ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

အဆိုပါစံကွက်မှ တစ်ဧကလျှင် တင်း၁၂၀နှုန်းထွက်ရှိကြောင်း သိရသည်။ **(က–ပ)**

ညောင်တုန်းမြို့နယ်၌မိုးကြိုဂုန်လျှော်နှင့် ချဉ်ပေါင်လျှော် လျာထားချက်ပြည့်မီရေး စိုက်ပျိုးထုတ်လုပ်မှုတာဝန်ပေးအပ်

ညောင်တုန်း မတ် ၁၅

ညောင်တုန်းမြို့နယ် ၂၀၀၅–၂၀၀၆ မိုးကြိုဂုန်လျှော်နှင့်ချဉ်ပေါင်လျှော် စိုက်ပျိုးထုတ်လုပ်မှု တာဝန်ပေးအပ်ပွဲကို မတ် ၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းဇော်က မိုးကြိုဂုန်လျှော်ကို ရည်မှန်း လျာထားချက်ဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးထုတ်လုပ်ရန် ပြောကြားပြီး မအူပင်ခရိုင် မြန်မာ့ဂုန်လျှော်လုပ်ငန်း ခရိုင်မန်နေဂျာ ဦးမျိုးဝင်းက မိုးကြိုဂုန်လျှော် စိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက မိုးကြိုဂုန်လျှော် စိုက်ပျိုးထုတ်လုပ်ရေးတာဝန်ပေးအပ်လွှာများကို ကျေးရွာ ဥက္ကဋ္ဌများသို့ ပေးအပ်သည်။ **(အောက်ပုံ)**

ဧက ၇၀၀၀စိုက်ပျိုးမည်

ညောင်တုန်းမြို့နယ်တွင် ယခုနှစ် စက်မှုကုန်ကြမ်းသီးနှံ မိုးကြိုဂုန်လျှော်နှင့် ချဉ်ပေါင်လျှော် ဧက ၇၀၀၀ စိုက်ပျိုးမည်ဖြစ်ပြီး ဂုန်လျှော်ပိဿာချိန် ၂၁၀၀၀၀၀ ဝယ်ယူသွားမည်ဖြစ်ကြောင်းသိရသည်။

မအူပင်တစ် ခရိုင်လုံးတွင် မိုးကြိုဂုန်လျှော်နှင့် ချဉ်ပေါင်လျှော် ဧက ၃၂၀၀၀ စိုက်ပျိုးထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။ **(ဝ၉၈)**

ကြည့်ရှုစစ်ဆေး

မြင်းခြံမြို့ အမှတ်(၁၉)ရပ်ကွက် နှင်းဆီလမ်း အရှည်ပေ ၈၅၀၊ အကျယ် ၁၂ပေ ကျောက်ချောခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်မာလာ ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး အလိမ္မာစာကြည့်တိုက်ဖွင့် သုတ၊ ရသ စာအုပ်များပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၂၃

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၁၂ရပ်ကွက် ကိုယ့်အားကိုယ်ကိုး အလိမ္မာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၆ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့် ရပ်ကွက်ဥက္ကဋ္ဌဦးစိန်ထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် ရပ်ကွက်ဥက္ကဋ္ဌ ဦးစိန်ထွေးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်က စာကြည့်တိုက် ဖွင့်လှစ်ခြင်းမှရရှိသည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ အလှူရှင်များကအလှူငွေများနှင့် သုတ၊ရသစာအုပ်များ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

မိတ္ထီလာမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး မြတ်မိတ်ဆွေစာကြည့်တိုက်ဖွင့်

မိတ္ထီလာ မတ် ၁၀

မိတ္ထီလာမြို့နယ် ရန်မျိုးအောင်နယ်မြေ အောင်စပယ်ရပ်ကွက် ကိုယ့်အားကိုယ်ကိုး မြတ်မိတ်ဆွေစာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ၂၆ရက် နံနက် ၉နာရီက သာသနာ့ရက္ခိတဓမ္မာရုံတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ဦးကျော်တင့်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး(၂) ဦးထွန်းဝင်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးယဉ်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(အောက်ပုံ)

ထို့နောက် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဌေးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးတရားများကို ရှင်းလင်းပြောကြားသည်။

လက်ခံရယူ

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စုဆောင်း ရရှိသော သုတ၊ ရသ စာအုပ်မျိုးစုံ ၅၆၅အုပ်ကို ခရိုင်ဦးစီးအရာရှိက ပေးအပ်ရာ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ချော လက်ခံရယူသည်။

(ခရိုင် ပြန်/ဆက်)

လက်ပံတန်းတွင်ဈေးပွဲတော်ကျင်းပမည်

လက်ပံတန်း မတ် ၁၀

လက်ပံတန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)တို့ပူးပေါင်း၍ ရွှေဈေးပွဲတော်ကို လက်ပံတန်းမြို့ မြို့နယ်ခန်းမတွင် မတ်၂၆ရက်မှ၃၀ရက်အထိ ကျင်းပရန် စီစဉ်ထားသည်။

လက်ပံတန်းရွှေဈေးပွဲတော်တွင် ပါဝင်ဆင်နွှဲကြမည့်ကုမ္ပဏီများ၊ ကုန်ထုတ်သမဝါယမများ၊ အရောင်းဆိုင်များပြသကြမည်ဖြစ်ရာ စစ်ကွင်းမြို့၊ မင်းလှမြို့၊ သာယာဝတီမြို့နှင့် သုံးဆယ်မြို့တို့မှ ဆိုင်ခန်းရရှိလိုသူများသည် အမှတ်(၅၅/၅၇) လင်းလွန်းလမ်း စမ်းချောင်းမြို့နယ်ရှိ လက်ပံတန်းမြို့နယ်အသင်း (ရန်ကုန်) ဖုန်း–၅၀၁၇၃၆သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းသိရသည်။

(က–ပ)

ဆက်ကပ်လှူဒါန်း

မတ် ၂၃ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။

(သတင်း-ရှေ့ဖုံး) **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြ

ရန်ကုန် မတ် ၂၃

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး

စာမျက်နှာ ၆ ကော်လံ ၁ ✻

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း စိုက်ပျိုးရေအပြင် လျှပ်စစ်ဓာတ်အားပါရရှိမည်

ရန်ကုန် မတ် ၂၃

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ခဲ့သော ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ပျဉ်းမနားမြို့၏ အရှေ့ဘက် ၁၀ မိုင်ခန့်အကွာ ကျည်တောင်-ခေါမရွာအနီး ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်ပြီးစီးပြီဖြစ်ရာ ၁၇၂ ခုမြောက် ဆည်အဖြစ် ဖွင့်လှစ်တော့မည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ပြီးစီးခဲ့သော ပေါင်းလောင်း ဘက်စုံစီမံကိန်းတွင် တမံ၏ အလှနှင့် ကန်ရေသိုလှောင်ထားရှိမှု အခြေအနေကို မတ် ၁၆ ရက်က ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ဘာရူနိုင်းဘုရင့်ဖလား (ယူ-၂၁)ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်နှင့်ထိုင်းလူငယ် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမည်

ရန်ကုန် မတ် ၂၃

၂၀၀၅ ခုနှစ် ဒုတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား အသက်(၂၁)နှစ်အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် မတ် ၂၅ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီ ဘီဂါဝမ်မြို့၌ မြန်မာလူငယ်အသင်းနှင့် ထိုင်းလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာလူငယ်အသင်းနှင့် ထိုင်းလူငယ်အသင်းတို့သည် ပထမအကြိမ် ဘရူနိုင်းဘုရင့်ဖလား (ယူ-၂၁)ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်၌ ဆုံတွေ့ခဲ့ကြရာ ထိုင်းလူငယ်အသင်းက ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

(မြန်မာ့အလင်း)